# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် နိုဝင်ဘာလ ၃၀ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၈)၊ အမှတ်(၁၇၆)၊ ၁၃၈၇ ခုနှစ်၊ နယုန်လဆန်း ၆ ရက်၊ ၁-၆-၂၀၂၅၊ တနင်္ဂနွေနေ့။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

စန္ဒကူးပန်း၊ တောင်ဇလပ်ပန်း၊ ကြာပန်း၊ မြတ်လေးပန်း စသော ပန်းနံ့သာတို့ထက် သီလတည်းဟူသော အနံ့သည် အတုမရှိ ထူးကဲလွန်မြတ်၏။

(ဓမ္မပဒ)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပ နိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာ အောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ် လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်း ငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ် ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက် ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှု ရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် လှိုင်သာယာမြို့နယ် မြို့ပြဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ထားရှိမှုအခြေအနေများနှင့် အနောက်ပိုင်းနည်းပညာတက္ကသိုလ်တို့သို့ သွားရောက်ကြည့်ရှုစစ်ဆေး

## လှိုင်သာယာမြို့နယ် ရေစီးရေလာကောင်းမွန်စေရေး မြို့ပြအင်ဂျင်နီယာဘွဲ့တန်းတက်ရောက်နေသော နောက်ဆုံးနှစ် ကျောင်းသား ကျောင်းသူများကိုအဖွဲ့များခွဲ၍ အပိုင်းအလိုက်သုတေသနပြုအဖြေရှာ ဆောင်ရွက်




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရန်ကုန်အနောက်ပိုင်းနည်းပညာတက္ကသိုလ်တွင် ကြည့်ရှုစစ်ဆေးစဉ်။

နေပြည်တော် မေ ၃၁

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့် ခရီးစဉ်တွင်လိုက်ပါလာသည့် အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့်တာဝန်ရှိသူများ လိုက်ပါ၍ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ် မြို့ပြဖွံ့ဖြိုးတိုးတက်ရေး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိမှုအခြေအနေများနှင့် အနောက်ပိုင်းနည်းပညာတက္ကသိုလ်တို့သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

**လှိုင်သာယာမြို့နယ် မြို့ပြဖွံ့ဖြိုးတိုးတက်ရေး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိမှု**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် လှိုင်သာယာမြို့နယ် ရန်ကုန်-ပုသိမ်လမ်းမပေါ်ရှိ ဘုရင့်နောင်တံတားအဆင်းအနီး ယောအတွင်းဝန်ဦးဖိုးလှိုင်လမ်းထိပ်သို့ ရောက်ရှိပြီး လူသွားစင်္ကြံအသစ် ခင်းကျင်းဆောင်ရွက်ထားရှိမှုနှင့် လမ်းဘေးဝဲ/ယာ၌ ရေနုတ်မြောင်းအဆင့်မြှင့်တင်ထားရှိမှုတို့ကို စာမျက်နှာ ၃ သို့ ☆

## မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်

နေပြည်တော် မေ ၃၁

**နောက်(၂)ရက်အတွက် ခန့်မှန်းချက်မှာ** ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် မိုးထစ်ချုန်းပြီး နေရာကွက်၍ မိုးကြီးနိုင်ပါသည်။

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

မိုး/ဇလ

၂၀၂၅ ခုနှစ် ၊ ဇွန် ၁ ရက်၊ တနင်္ဂနွေနေ့။

## အသေးစား ကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေး ဆောင်ရွက်လျက်ရှိ

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ အသေးစား စက်မှု၊ လက်မှုလုပ်ငန်းဦးစီးဌာနအနေဖြင့် ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်မှစတင်၍ အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစုဝင်ငွေတိုးရေး စီမံကိန်းအား တိုင်းဒေသကြီး၊ ပြည်နယ်(၁၅)ခုမှ ကျေးရွာ(၁၅၁)ရွာတွင် ဖွင့်လှစ်နိုင်ခဲ့ပြီး လုပ်ငန်းရှင်(၇၅၅)ဦးနှင့် ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်တွင် ကျေးရွာ(၁၉၃)ရွာမှ လုပ်ငန်းရှင်(၉၆၅)ဦးတို့အား လုပ်ငန်းသုံးပစ္စည်းများ ပေးအပ်ခဲ့ပြီး ကိုယ်ပိုင်လုပ်ငန်းများ ထူထောင်နိုင်သည်အထိ ဆောင်ရွက်ပေးနိုင်ခဲ့သည်။

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနအနေဖြင့် ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစုဝင်ငွေတိုးရေး စီမံကိန်းလုပ်ငန်းဖြင့် ဆောင်ရွက်မည့် လူသုံးကုန်ထုတ်လုပ်မှုနည်းပညာသင်တန်းဖွင့် အခမ်းအနားကို မေ ၂၉ ရက် နံနက်ပိုင်းက ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ သစ်ယာကုန်းကျေးရွာ၌ ကျင်းပခဲ့သည်။

အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန အနေဖြင့် ယွန်း၊ ရက်ကန်း၊ စက်မှု၊ လက်မှု၊ လူသုံးကုန်၊ စားသောက်ကုန်နှင့် အလှကုန်ဆိုင်ရာ နည်းပညာသင်တန်းများကို သင်ကြားပို့ချပေးခြင်း၊ ထွက်ရှိလာသည့်ကုန်ပစ္စည်းများကို ခတ်ခွဲစမ်းသပ်ပေးခြင်း၊ စနစ်တကျ လုပ်ငန်းမှတ်ပုံတင်ပေးခြင်းများကို ဆောင်ရွက်ပေးနေသည့် ဌာနတစ်ခုဖြစ်ပါကြောင်း၊ ယခုစီမံကိန်း ဆောင်ရွက်ရခြင်း ရည်ရွယ်ချက်သည် အိုးမကွာ၊ အိမ်မကွာဖြင့် မိသားစုဝင်ငွေ တိုးပွားရေးဆောင်ရွက်လိုသည့် အမျိုးသမီးများ၊ ပညာရေးဆုံးခန်းတိုင်အောင် သင်ကြားနိုင်မှုမရှိခဲ့သည့် လူငယ်လူရွယ်များကို အသက်မွေးဝမ်းကျောင်း ပညာရပ်များသင်ကြားတတ်မြောက်စေပြီး ကိုယ်ပိုင်လုပ်ငန်းထူထောင်နိုင်ရန် ဖြစ်ပါကြောင်း၊ သင်တန်းဆင်းပြီးပါက သင်တန်းဆင်းများထဲမှ အမှန်တကယ် ကိုယ်ပိုင်လုပ်ငန်းထူထောင်မည့် (၅)ဦးအား ရွေးချယ်၍ လုပ်ငန်းသုံးပစ္စည်းများ ပံ့ပိုးပေးသွားမည်ဖြစ်ပါကြောင်း၊ အဆိုပါ (၅)ဦးအား ရွေးချယ်ရာတွင်လည်း ချစ်ခြင်း၊ မုန်းခြင်း၊ ဘက်လိုက်ခြင်းများ မရှိဘဲ ရွေးချယ်ရမည်ဖြစ်ပါကြောင်း၊ ထို့အပြင် သင်တန်း၌ စာတွေ့၊ လက်တွေ့ လုပ်ငန်းများတွင် စိတ်ပါဝင်စားပြီး ထူးထူးချွန်ချွန် လိုက်ပါဆောင်ရွက်နိုင်သူများကို စနစ်တကျ ရွေးချယ်သွားမည်ဖြစ်ပါကြောင်း အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က လူသုံးကုန်ထုတ်လုပ်မှုနည်းပညာသင်တန်းဖွင့် အခမ်းအနား၌ ပြောကြားခဲ့သည်။

အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနအနေဖြင့် နည်းပညာဆိုင်ရာသင်တန်းများကို သင်ကြားပေးလျက်ရှိရာတွင် တန်ဖိုးမြှင့်စားသောက်ကုန် ထုတ်လုပ်မှုနည်းပညာသင်တန်း၊ လူသုံးကုန်နှင့် အလှကုန်ထုတ်လုပ်မှုနည်းပညာသင်တန်း၊ လက်မှုထည်ထုတ်ကုန်ထုတ်လုပ်မှု နည်းပညာသင်တန်း၊ သံဂဟေဆက်နည်းပညာသင်တန်း၊ တစ်လုံးထိုးဒီဇယ်အင်ဂျင် ပြုပြင်မှုနည်းပညာသင်တန်း၊ မော်တော်ဆိုင်ကယ်ပြုပြင်ခြင်း နည်းပညာသင်တန်း၊ အိမ်သုံးလျှပ်စစ်ပစ္စည်းများ ပြုပြင်ခြင်း နည်းပညာသင်တန်း၊ လက်ရက်ကန်း၊ စက်ရက်ကန်းနှင့် ရိုးရာဂျပ်ခုတ်ဆိုင်ရာနည်းပညာသင်တန်း၊ စက်ချုပ်နည်းပညာသင်တန်း စသည်တို့အပါအဝင် နည်းပညာသင်တန်းများကို လုပ်ငန်းထူထောင်နိုင်သည်အထိ ကျွမ်းကျင်တတ်မြောက်စေရန် သင်ကြားပေးလျက်ရှိကြောင်း ရေးသားလိုက်ရပေသည်။

## ပြည်သူများအား အခြေခံစားသောက်ကုန်များကို အထူးသက်သာသော ဈေးနှုန်းဖြင့် ရောင်းချပေးလျက်ရှိ




**မန္တလေး မေ ၃၁**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စားသုံးသူရေးရာ ဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ ဆန်စက်လုပ်ငန်းရှင်များ အသင်း၊ မန္တလေးတိုင်းဒေသကြီး ဆီကုန်သည်များနှင့် ဆီလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်း၍ ဆန်၊ ဆီ၊ ကြက်ဥ၊ ဘဲဥ၊ ငါးများကို အထူးသက်သာသောဈေးနှုန်းဖြင့် ယနေ့နံနက်ပိုင်းက မဟာအောင်မြေမြို့နယ်၊ တက္ကသိုလ်ရပ်ကွက်၊ ၇၃လမ်း၊ တက္ကသိုလ်လေ့ကျင့်ရေးကျောင်းရှေ့၊ ချမ်းမြသာစည်မြို့နယ်၊ အကွက်(ဖ-၈/၉)၊ ၅၉ လမ်း၊ ၁၁၂လမ်းနှင့် ၁၁၃လမ်းကြား၊ ကံသာယာရပ်ကွက်တို့တွင် ရောင်းချပေးခဲ့သည်။

သက်သာဈေးရောင်းချမည့် အစီအစဉ်ကို ဇွန် ၂ ရက်နေ့တွင် အောင်မြေသာစံမြို့နယ်၊ မင်းတဲအီကင်းရပ်ကွက်၊ ၁၉လမ်း၊ ၈၉ လမ်းနှင့် လမ်း၉၀ကြား၊ အမရပူရမြို့နယ်၊ ရှမ်းကလေးကျွန်းကျေးရွာ၊ ဘုန်းကြီးကျောင်းဝင်းအတွင်းတို့တွင်လည်းကောင်း၊ ဇွန် ၃ ရက်တွင် ချမ်းအေးသာစံမြို့နယ်၊ အောင်နန်းရိပ်သာအနောက်၊ ၃၄လမ်း၊ ၈၅လမ်းနှင့် ၈၆လမ်းကြား၊ မလွန်ရေတွန်းစက်ရုံအနီး၊ ပြည်ကြီးတံခွန်မြို့နယ်(ဆ) ရပ်ကွက်၊ ၅၄လမ်း၊ ၁၃၀လမ်းနှင့် ၁၃၁လမ်းကြားတို့တွင်လည်းကောင်း၊ ဇွန် ၄ ရက်တွင် မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်(၂) ရပ်ကွက်၊ ၆၂လမ်း၊ ၃၉လမ်းနှင့် လမ်း၄၀ကြား၊ ချမ်းမြသာစည်မြို့နယ်၊ အကွက်(၄၇၅/၄၇၆) ထီးတန်း၊ ပဲတန်းလမ်း၊ ၈၂လမ်းနှင့် ၈၄လမ်းကြား၊ ထီးတန်းမွှာရုံရှေ့တို့တွင်လည်းကောင်း၊ ဇွန် ၅ ရက်တွင် အမရပူရမြို့နယ်၊ ဈေးချိုရပ်ကွက်၊ ထန်းတပင်ရပ် လမ်းငါးခွမွှာရုံ၊ စစ်ကိုင်း-မန္တလေးလမ်းအရှေ့ဘက်တွင်လည်းကောင်း၊ ဇွန် ၆ ရက်တွင် ချမ်းအေးသာစံမြို့နယ်၊ ရွှေလှံ့ရပ်ကွက်၊ ၂၇လမ်း၊ ၇၁လမ်းနှင့် ၇၂ လမ်းကြားတွင်လည်းကောင်း၊ ပြည်ကြီးတံခွန်မြို့နယ်၊ ထိန်ကုန်းရပ်ကွက်၊ မေဇင်သိန်းလမ်းတို့တွင်လည်းကောင်း၊ ဇွန် ၇ ရက်တွင် မဟာအောင်မြေမြို့နယ်၊ ရွှေဘုန်းရှိန်ရပ်ကွက်၊ ၈၂လမ်း၊ ၄၂လမ်းနှင့် ၄၃လမ်းကြားတွင်လည်းကောင်း၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ ၁၁၈လမ်း၊ ၄၆လမ်းနှင့် ၄၇လမ်းကြားတို့တွင်လည်းကောင်း ရောင်းချပေးသွားမည်ဖြစ်သည်။ **(အပေါ်ဝဲပုံ)**

ထိုသို့ တိုက်ရိုက်ရောင်းချနေမှုအစီအစဉ်ကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ စီးပွားရေးရာဝန်ကြီး ဦးသိန်းဌေးနှင့် တာဝန်ရှိသူများ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ ဈေးနှင့်သားသတ်ဌာန ဌာနမှူး ဦးသက်နိုင်နှင့် တာဝန်ရှိသူများက အနီးကပ်ကြီးကြပ်၍ ပြည်သူများ အဆင်ပြေစွာ ဝယ်ယူရရှိနိုင်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **(မန္တလေးနေ့စဉ်-၆)**

## မန္တလေးတိုင်းဒေသကြီးတွင် မေ ၃၀ ရက်ထိ ယခင်နှစ်ထက် မိုးရွာသွန်းရက် ၂ ဆခန့်များပြီး မိုးရေချိန် ၃ ဆခန့် ရွာသွန်းခဲ့

**မန္တလေး မေ ၃၁**

၂၀၂၅ ခုနှစ်တွင် မုတ်သုံလေ စောစီးစွာဝင်ရောက်ခဲ့ခြင်းကြောင့် မန္တလေးတိုင်းဒေသကြီးတွင် မေ ၃၀ ရက်ထိ ယခင်နှစ်ကာလတူနှိုင်းယှဉ်ပါက မိုးရွာသွန်းရက် ၂ ဆခန့်ပိုမိုခဲ့ပြီး မိုးရေချိန်မှာ ၃ ဆခန့်များပြားစွာ ရွာသွန်းခဲ့ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှု ဦးစီးဌာန(အထက်မြန်မာပြည်ဌာနခွဲ)မှ သိရသည်။

ယခင်နှစ်က မန္တလေးတိုင်းဒေသကြီးတွင် မေ ၃၀ ရက်နေ့ထိ မိုးရွာရက် ၈ ရက်တွင် မိုးရေချိန် ၄ ဒသမ ၄၅ လက်မ ရွာသွန်းခဲ့ပြီး ယခုနှစ်၌ မိုးရွာရက် ၁၆ ရက်တွင် မိုးရေချိန် ၁၂ ဒသမ ၅၇ လက်မရွာသွန်းခဲ့သည်ဟု ယင်းဌာန ညွှန်ကြားရေးမှူး ဦးကျော်လွင်ဦးက ပြောသည်။

"ဧပြီလမှာလည်း မိုးရွာခဲ့သလို မုတ်သုံဝင်ခါနီး မိုးဦးမိုးတွေလည်း ကောင်းလို့ မနှစ်ကထက် မိုးရွာရက်တွေ များခဲ့တယ်၊ ဧပြီမှာလည်းရွာတယ်၊ မန္တလေးမှာတော့ မနှစ်က မေ ၃၀ ရက်ထိ မိုးရွာရက် ၄ ရက်ရှိခဲ့ပြီး ဒီနှစ်မိုးရွာရက် ၁၈ ရက်ရှိကာ မနှစ်ကကာလတူအချိန် နှိုင်းယှဉ်ရင် မိုးရွာရက်က ၂ ဆခန့်ပိုပြီး ၁၄ ရက်ပိုနေကာ မိုးရေချိန်က ၃ ဆလောက်များခဲ့တယ်ဟု" ၎င်းက ပြောသည်။

မုတ်သုံလေဝင်ရောက်မှုမှာ မေ ၁၃ ရက်တွင် မြန်မာနိုင်ငံတောင်ပိုင်းဒေသ၊ မေ ၁၇ ရက်တွင် မြစ်ဝကျွန်းပေါ်ဒေသ၊ ၂၁ ရက်တွင် အလယ်ပိုင်းဒေသနဲ့ ၂၅ ရက်တွင် တစ်နိုင်ငံလုံးသို့ ဝင်ရောက်ခဲ့ခြင်းကြောင့် မိုးထစ်ချုန်းရွာခြင်းနှင့် နေရာကွက်၍ မိုးကြီးခြင်းများ ရှိသည်ဟုဆိုသည်။

"ဒီနှစ် မုတ်သုံဝင်ရောက်မှုက မေ ၁၃ ရက်ကနေ ၂၅ ရက်မှာ မုတ်သုံမြိုင်မြိုင်ဆိုင်ဆိုင် ဝင်ရောက်လာတယ်လို့ ပြောရမယ်၊ ပုံမှန်ရာသီထက် ၁၀ ရက်လောက်စောပြီး ဝင်ရောက်ခဲ့တာကြောင့် မန္တလေးတိုင်းဒေသကြီးအပါအဝင် အညာဒေသတွေမှာ ထစ်ချုန်းမိုးတွေနဲ့အတူ ပျံ့နှံ့စွာ ရွာသွန်းခဲ့တယ်"ဟု ၎င်းက ပြောသည်။ **(အပေါ်ပုံ)**



ယခုနှစ်မိုးရွာသွန်းမှုသည် စံချိန်တင်ရွာသွန်းခြင်းမဟုတ်ဘဲ နေရာကွက်၍ မိုးသည်းထန်စွာ ရွာသွန်းခြင်းနှင့် နေရာကွက်၍ မိုးကြီးမှုများကြောင့် နောက်ဆက်တွဲအဖြစ် မြို့ပြများနှင့် စိုက်ပျိုးရေးကဏ္ဍများတွင် သက်ရောက်မှု ရှိနိုင်ကြောင်း၊ လာမည့် ဇွန်လတွင် ဘင်္ဂလားပင်လယ်အော်၌ လေဖိအားနည်းရပ်ဝန်း တစ်ကြိမ်ဖြစ်ပေါ်ပြီး ပိုမိုအားကောင်းလာကာ မုတ်သုံမုန်တိုင်းငယ်တစ်ခု ဖြစ်နိုင်ကာ မိုးရွာသွန်းမှုမှာလည်း ဇွန်လ၏ ပုံမှန်မိုးရေချိန်ထက် ပိုနိုင်ကာ မိုးရွာရက် များနိုင်မည်ဟု ခန့်မှန်းထားကြောင်း သိရသည်။ **(မန္တလေးနေ့စဉ်-၉)**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/ Fax-၀၂-၄၀၆၉၉၆၂၊
၂၉လမ်း၊၇၃လမ်းနှင့်၇၄လမ်းကြား၊

☆ ရှေ့ဖုံးမှ

ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လှိုင်သာယာမြို့နယ်အတွင်း ရေစီးရေလာကောင်းမွန်စေရေးအတွက် ရေနုတ်မြောင်းများအား နုန်းများဆယ်တင်ခြင်းနှင့် ချောင်းဖြောင့်ခြင်းလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်သွားရန်လိုကြောင်း၊ အချို့နေရာများ၌ ရေများစီးဆင်းမှုမရှိဘဲ ပိတ်ဆို့လျက်ရှိသဖြင့် အလွယ်တကူစီးဆင်းသွားနိုင်မည့်ပုံစံနှင့် ရေမြောင်း level တို့ကို စနစ်တကျဖြင့် သုတေသနပြုဆောင်ရွက်သွားရန်လိုကြောင်း၊ ယခုရန်ကုန်-ပုသိမ်လမ်းမကြီးသည် အသွားအလာများသည့် ပင်မလမ်းမကြီးဖြစ်သဖြင့် လမ်းဘေးဝဲ/ယာတစ်လျှောက် သန့်ရှင်းသပ်ရပ်မှုရှိစေရေး၊ ရေစီးရေလာကောင်းမွန်ရေးကို ဖော်ဆောင်ကာ လှိုင်သာယာမြို့နယ်၏ သန့်ရှင်းသာယာလှပမှုနှင့် စည်းကမ်းစနစ်တကျရှိမှုတို့ကို ပြသ၍ ဂုဏ်ယူကြရန်လိုကြောင်းနှင့် အခြားလိုအပ်သည်များ လမ်းညွှန်မှာကြားသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် လှိုင်သာယာမြို့နယ် ရန်ကုန်-ပုသိမ်လမ်းမပေါ်ရှိ ဘုရင့်နောင်တံတားအဆင်းအနီး ယောအတွင်းဝန်ဦးဖိုးလှိုင်လမ်းထိပ်၌ လူသွားစင်္ကြံအသစ် ခင်းကျင်းဆောင်ရွက်ထားရှိမှုနှင့် လမ်းဘေးဝဲ/ယာ၌ ရေနုတ်မြောင်း ရေစီးရေလာကောင်းမွန်ရေးဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးစဉ်။

ထို့နောက် ရန်ကုန်-ပုသိမ်လမ်းမပေါ်ရှိ ကနောင်မင်းသားကြီးလမ်းထိပ်နေရာ၌ တောင်ဘက်ခြမ်း၊ လမ်းဖြတ်ကူးတံတားဆောင်ရွက်ပြီးစီးမှု အခြေအနေများ၊ လူသွားစင်္ကြံအသစ် ခင်းကျင်းထားရှိမှုအခြေအနေများ၊ ရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်ထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လူသွားစင်္ကြံခင်းကျင်းထားရှိမှုမှာ ကောင်းမွန်ပြီး လူသွားစင်္ကြံပေါ်၌ တည်ရှိနေသည့် လျှပ်စစ်ဓာတ်အားပေးတိုင်များကို စင်္ကြံဧရိယာပြင်ပသို့ ရွှေ့ပြောင်းသွားရန်နှင့် ရေနုတ်မြောင်းများအတွင်း ရေစီးရေလာကောင်းမွန်ရေးတို့အတွက် လိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ယင်းနောက် ရန်ကုန်-ပုသိမ်လမ်းမအတိုင်း ဆက်လက်ထွက်ခွာလာခဲ့ပြီး သောင်ကြားချောင်းတံတား နေရာသို့ရောက်ရှိကာ ရေစီးရေလာကောင်းမွန်ရေးဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

**ရန်ကုန်အနောက်ပိုင်း**
**နည်းပညာတက္ကသိုလ်**

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ရန်ကုန်အနောက်ပိုင်းနည်းပညာတက္ကသိုလ်သို့ ရောက်ရှိကြပြီး တက္ကသိုလ်အဝင်လမ်းမကြီးနှင့် လူသွားစင်္ကြံ ခင်းကျင်းထားရှိမှုအခြေအနေများ၊ အဝင်လမ်းတစ်လျှောက် သစ်ပင်ပန်းမန် စိုက်ပျိုးထားရှိမှုများကို

**☆ လှိုင်သာယာမြို့နယ်အတွင်း ရေစီးရေလာကောင်းမွန်စေရေးအတွက် ရေနုတ်မြောင်းများအား နုန်းများဆယ်တင်ခြင်းနှင့် ချောင်းဖြောင့်ခြင်းလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်သွားရန်လို၊ အချို့နေရာများ၌ ရေများစီးဆင်းမှုမရှိဘဲ ပိတ်ဆို့လျက်ရှိသဖြင့် အလွယ်တကူစီးဆင်းသွားနိုင်မည့်ပုံစံနှင့် ရေမြောင်း level တို့ကို စနစ်တကျဖြင့် သုတေသနပြုဆောင်ရွက်**

**☆ ရန်ကုန်-ပုသိမ်လမ်းမကြီးသည် အသွားအလာများသည့် ပင်မလမ်းမကြီးဖြစ်သဖြင့် လမ်းဘေး ဝဲ / ယာ တစ်လျှောက် သန့်ရှင်းသပ်ရပ်မှုရှိစေရေး၊ ရေစီးရေလာကောင်းမွန်ရေးကို ဖော်ဆောင်ကာ လှိုင်သာယာမြို့နယ်၏ သန့်ရှင်းသာယာလှပမှုနှင့် စည်းကမ်းစနစ်တကျရှိမှုတို့ကို ပြသ၍ ဂုဏ်ယူကြရန်လို**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရန်ကုန်-ပုသိမ်လမ်းမပေါ်ရှိ ကနောင်မင်းသားကြီးလမ်းထိပ်နေရာ၌ လူသွားစင်္ကြံအသစ် ခင်းကျင်းထားရှိမှုကို ကြည့်ရှုစစ်ဆေးစဉ်။

ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ထို့နောက် တက္ကသိုလ်ဆောင်ပတ်လမ်းအတိုင်း မော်တော်ယာဉ်များဖြင့် ကြည့်ရှုစစ်ဆေးခဲ့ပြီး ပါမောက္ခချုပ် ဒေါက်တာကြည်စိုးနှင့် ဆရာ ဆရာမများအား တွေ့ဆုံ၍ တက္ကသိုလ်၌ ကျောင်းသား ကျောင်းသူများ တက်ရောက်သင်ကြားလျက်ရှိမှု အခြေအနေများကို မေးမြန်းသည်။ ယင်းနောက် တက္ကသိုလ်ပါမောက္ခချုပ်နှင့် တာဝန်ရှိသူများ၏ တက္ကသိုလ်ဆိုင်ရာ တင်ပြချက်များတင်ပြမှုအပေါ် တက္ကသိုလ်၌ တက်ရောက်သင်ကြားလျက်ရှိသည့် ကျောင်းသားကျောင်းသူများ၏ သွားလာမှုအဆင်ပြေစေရေး၊ အိပ်ဆောင်များ ကောင်းမွန်မှုရှိစေရေးတို့ကို အလေးထားဆောင်ရွက်သွားရန်လိုကြောင်း၊ ရန်ကုန်အနောက်ပိုင်းနည်းပညာတက္ကသိုလ် အနေဖြင့် လှိုင်သာယာမြို့နယ် ရေစီးရေလာကောင်းမွန်စေရေးနှင့်ပတ်သက်၍လည်း သုတေသနပြုဆောင်ရွက်သွားရန်လိုပြီး မြို့ပြအင်ဂျင်နီယာဘွဲ့တန်း တက်ရောက်နေသော နောက်ဆုံးနှစ်ကျောင်းသားကျောင်းသူများကို အဖွဲ့များခွဲ၍ အပိုင်းအလိုက် သုတေသနပြုအဖြေရှာဆောင်ရွက်သွားရန်လိုကြောင်းနှင့် အခြားလိုအပ်သည်များကို မှာကြားသည်။

**လှိုင်သာယာမြို့နယ်**
**ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ထားရှိမှု**

ဆက်လက်၍နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဘုရင့်နောင်ပန်းခြံသို့ရောက်ရှိကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် လှိုင်သာယာမြို့နယ်အကွက်ချပုံစံငယ်အား ကြည့်ရှု၍ မြို့ပြဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်လက်ဆောင်ရွက်သွားနိုင်မည့် အခြေအနေများနှင့်ပတ်သက်၍ တာဝန်ရှိသူများကို ဆွေးနွေးမှာကြားသည်။

ထို့နောက် ပန်းခြံရှင်းလင်းဆောင်ခန်းမတွင် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် မြို့တော်ဝန်တို့က လှိုင်သာယာမြို့နယ်သို့ရောက်ရှိစစ်ဆေးစဉ် မြို့ပြဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရန် လမ်းညွှန်ချက်များအား ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်လျက်ရှိမှု၊ လှိုင်သာယာမြို့နယ်အတွင်း ရေစီးရေလာကောင်းမွန်စေရေးအတွက် ဇလားပုံကွန်ကရစ်ရေမြောင်းများ ဖောက်လုပ်ဆောင်ရွက်လျက်ရှိမှု၊ ရေမြောင်းများအတွင်း အမှိုက်များနှင့် ချုံနွယ်များပိတ်ဆို့မှုမရှိစေရေး ရှင်းလင်းခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိမှု၊ ရန်ကုန်-ပုသိမ်လမ်းမကြီးတစ်လျှောက် ရေစီးရေလာကောင်းမွန်စေရေး ဆောင်ရွက်လျက်ရှိမှုနှင့် ရေထိန်းတံခါးများ တပ်ဆင်ထားရှိမှု၊ RC Box Culvert များ တည်ဆောက်လျက်ရှိမှု၊ ညောင်တုန်းလမ်း ဝဲ/ယာ ရေစီးရေလာကောင်းမွန်စေရေး ဆောင်ရွက်လျက်ရှိမှု၊ ရွှေပြည်သာတံတား လမ်းဘေးဝဲ/ယာ လှိုင်မြစ်ထွက်ပေါက် ရေမြောင်းများဆောက်လုပ်ထားရှိမှု၊ ရန်ကုန်အနောက်ပိုင်း တက္ကသိုလ်ဝင်းအတွင်း ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများ တူးဖော်ဆောင်ရွက်ထားရှိမှု၊ ရန်ကုန်-ပုသိမ်လမ်းနှင့် ညောင်တုန်းလမ်း ဝဲ/ယာ၌ လူသွားစင်္ကြံများ ပြုလုပ်လျက်ရှိမှု၊ လူကူးတံတားများ တည်ဆောက်ပေးလျက်ရှိမှု၊ ရန်ကုန်အနောက်ပိုင်း နည်းပညာတက္ကသိုလ်ပတ်လမ်းအား နိုင်လွန်ကတ္တရာ ခင်းကျင်းပြီးစီးမှုတို့နှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

**လှိုင်သာယာမြို့နယ်**
**ဖွံ့ဖြိုးတိုးတက်ရေးအတွက်**
**မြို့ပြစီမံကိန်းတစ်ရပ်ကို စနစ်တကျ**
**ရေးဆွဲဆောင်ရွက်သွားရန်လို**

ရှင်းလင်းတင်ပြမှုများ အပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က လှိုင်သာယာမြို့နယ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် သန့်ရှင်းသာယာလှပရေး၊ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများကို ၂၀၂၃ ခုနှစ်မှစတင်၍ ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ ပြုပြင်ပြောင်းလဲမှု ဆောင်ရွက်ခဲ့မှုများကို စနစ်တကျဖြင့် မှတ်တမ်းတင်ထားရှိရန်လိုကြောင်း၊ စာမျက်နှာ ၄ သို့ ☆





နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် သောင်ကြားချောင်း တံတားနေရာ၌ ရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် လှိုင်သာယာမြို့နယ် ဘုရင့်နောင်ပန်းခြံ ရှင်းလင်းဆောင်ခန်းမ၌ တာဝန်ရှိသူများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

☆ စာမျက်နှာ ၃ မှ

လှိုင်သာယာတွင် ရေစီးရေလာကောင်းမွန်ရေးသည် အဓိကဖြေရှင်းဆောင်ရွက်ပေးရမည့်ကိစ္စတစ်ခုဖြစ်သဖြင့် အလေးထားဆောင်ရွက်သွားရန်လိုကြောင်း၊ မြို့သာယာလှပရေးအတွက် ရေနုတ်မြောင်းများအတွင်း ရေစီးရေလာများကောင်းမွန်ရမည်ဖြစ်သကဲ့သို့ နေထိုင်ကြသူများအနေဖြင့်လည်း စည်းကမ်းတကျနေထိုင်ခြင်း၊ အမှိုက်စွန့်ပစ်ခြင်းတို့ကို ဆောင်ရွက်ကြရန်လိုကြောင်း၊ ရေစီးရေလာကောင်းမွန်မှုမရှိခြင်းကြောင့် ရေဆိုးရေညစ်များနှင့် ကျန်းမာရေးနှင့် ညီညွတ်မှုတာမှုမရှိသည့် ပတ်ဝန်းကျင် ဖြစ်လာစေနိုင်ကြောင်း၊ ရေမြောင်းများ တည်ဆောက်ရာတွင် ရေစီးဆင်းမှုပမာဏကို တွက်ချက်၍ စနစ်တကျတည်ဆောက်သွားရန် လိုကြောင်း၊ ရန်ကုန်-ပုသိမ်လမ်းနှင့် ညောင်တုန်းလမ်းတို့သည် လမ်းမကြီးများဖြစ်သဖြင့် ပြည်သူများ စနစ်တကျသွားရောက်နိုင်ရေး လူသွားစင်္ကြံများကို အဆင့်မီမီဆောင်ရွက်သွားရန်လိုကြောင်း၊ လူကူးတံတားများ တည်ဆောက်ရာတွင်လည်း သတ်မှတ်ချက်များနှင့်အညီသာ ဆောက်လုပ်သွားရန်လိုကြောင်း၊ လူသွားစင်္ကြံများပေါ်၌ တည်ရှိနေသည့် လျှပ်စစ်ဓာတ်အားတိုင်များအား စနစ်တကျဖြင့် ကင်းလွတ်ရာသို့ ပြောင်းရွှေ့စိုက်ထူသွားရန်လိုကြောင်း။

မြို့နယ်သာယာလှပရေးအတွက်အမှိုက်သရိုက်စွန့်ပစ်မှုများ စနစ်တကျရှိစေရေး သက်ဆိုင်ရာ စည်ပင်သာယာရေးဦးစီးဌာနအနေဖြင့် ဥပဒေနှင့်အညီ ထိန်းသိမ်းကြပ်မတ်ဆောင်ရွက်သွားရန် လိုကြောင်း၊ လှိုင်သာယာမြို့နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြို့ပြစီမံကိန်းတစ်ရပ်ကို စနစ်တကျရေးဆွဲဆောင်ရွက်သွားရန် လိုကြောင်း၊ လူနေထိုင်မှုများပြားသည့် မြို့နယ်တစ်ခုဖြစ်သဖြင့် လူဦးရေနှင့်ကိုက်ညီသည့် ဈေး၊ ကျောင်း၊ အုပ်ချုပ်မှုဌာနများ၊ အပန်းဖြေအားကစားကွင်းများကို စနစ်တကျထည့်သွင်းတည်ဆောက်သွားရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် လှိုင်သာယာမြို့နယ်အတွက် Town Plan နှင့် Developing Plan တို့ကို စနစ်တကျရေးဆွဲအကောင်အထည်ဖော်သွားရန်လိုကြောင်း၊ လျှပ်စစ်မီးနှင့်ပတ်သက်၍လည်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏အစီအစဉ်ဖြင့် နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်မီးထုတ်လုပ်မှုစီမံချက်များကိုရေးဆွဲထားရှိရန် လိုကြောင်း၊ လှိုင်သာယာမြို့နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့မှုများသည် ယခုအခါတွင် တိုးတက်မှုများစွာရှိလာပြီဖြစ်ပြီး အားလုံးစနစ်တကျဖြင့် ဆက်လက်ဆောင်ရွက်သွားကြရန် လိုကြောင်း။



လှိုင်သာယာမြို့နယ်အတွင်းရှိ စက်ရုံ၊ အလုပ်ရုံများတွင် နယ်မြေဒေသပေါင်းစုံမှ လာရောက် အလုပ်လုပ်ကိုင်ကြသူများ၏ နေထိုင်မှုလုံခြုံရေး၊ စားရေးအတွက် လိုအပ်သည့်အစားအသောက်များကို သက်သာသောဈေးနှုန်းဖြင့် ဝယ်ယူရရှိရေးတို့ကိုလည်း ထည့်သွင်းစဉ်းစား၍ တတ်နိုင်သမျှ ဖြည့်ဆည်းဆောင်ရွက်ပေးရန် လိုကြောင်း၊ နေထိုင်သွားလာမှုများ စည်းကမ်းတကျဖြစ်စေရေးအတွက်လည်း ထိန်းသိမ်းဆောင်ရွက်ပေးကြရန်လိုကြောင်း၊ Social Security နှင့်ပတ်သက်၍လည်း ထည့်သွင်းစဉ်းစား ဆောင်ရွက်ပေးကြရန်လိုကြောင်း၊ ယင်းတို့ကို မြို့နယ်နှင့် ခရိုင်အုပ်ချုပ်ရေးမှူးများ၊ သက်ဆိုင်ရာတာဝန်ရှိသူများအနေဖြင့် အနီးကပ်ကြပ်မတ်ကွပ်ကဲ၍ ဆောင်ရွက်သွားကြရန်လိုကြောင်း မှာကြားသည်။

ယင်းနောက် ညောင်တုန်းလမ်းအတိုင်း မော်တော်ယာဉ်များဖြင့် လှည့်လည်၍ အောင်ဇေယျတံတားအနီး၌ တပင်ရွှေထီး လမ်းဖြတ်ကူးတံတား တည်ဆောက်မှုလုပ်ငန်းခွင်သို့ရောက်ရှိကြပြီး လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြမှုများအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

## ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များအတွင်း မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှု

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိရွှေပြည်သာမြို့နယ်၊ မင်္ဂလာဒုံမြို့နယ်၊ မြောက်ဥက္ကလာပမြို့နယ်၊ မြောက်ဒဂုံမြို့နယ်နှင့် တောင်ဥက္ကလာပမြို့နယ်တို့အတွင်း မော်တော်ယာဉ်များဖြင့် လှည့်လည်၍ လမ်းနယ်နိမိတ်များ စနစ်တကျရှိစေရေး၊ လမ်းနယ်များတွင် ကျူးကျော်၍ ဈေးဆိုင်ခန်းများဖွင့်လှစ်ခြင်း၊ လူနေထိုင်ခြင်းများမရှိစေရေး၊ လမ်းဘေး ဝဲ/ ယာတစ်လျှောက် ရေစီးရေလာကောင်းမွန်စေရေး၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများ စနစ်တကျရှိစေရေးနှင့် သန့်ရှင်းသာယာလှပမှုရှိစေရေးတို့နှင့် ပတ်သက်၍ တာဝန်ရှိသူများကို လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အောင်ဇေယျတံတားအနီး၌ တပင်ရွှေထီး လမ်းဖြတ်ကူးတံတား တည်ဆောက်မှုလုပ်ငန်းခွင်ကို ကြည့်ရှုစစ်ဆေးစဉ်။

# ဇွန် ၁ ရက်မှ ၃၀ ရက်အထိကာလကို ယာယီပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးကာလအဖြစ် ထပ်မံတိုးမြှင့်ထုတ်ပြန်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး
ယာယီပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးအတွက်ထုတ်ပြန်ချက်
(မြန်မာသက္ကရာဇ် ၁၃၈၇ ခုနှစ်၊ နယုန်လဆန်း ၅ ရက်)
၂၀၂၅ ခုနှစ်၊ မေ ၃၁ ရက်

၁။ အင်အားပြင်းမန္တလေးငလျင်ကြီးလှုပ်ခတ်မှုကြောင့် ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်ခဲ့သဖြင့် ငလျင်ဒဏ်သင့်ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့်ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့်ဆောင်ရွက်နိုင်စေရန်ရည်ရွယ်ပြီး တပ်မတော်အနေဖြင့် ၂၀၂၅ ခုနှစ်၊ မေ ၆ ရက်မှ ၃၁ ရက်အထိကာလကို ယာယီပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးကာလအဖြစ် ထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

၂။ လက်ရှိကာလတွင်လည်း နိုင်ငံတော်အစိုးရအနေဖြင့် ငလျင်ဒဏ်သင့်ဒေသများ၌ ထိခိုက်ပျက်စီးခဲ့ရသည့်အစိုးရရုံးဌာနများ၊ ပြည်သူများ၏အိုးအိမ်နှင့်လမ်းပန်းဆက်သွယ်မှုလုပ်ငန်းများ ပြန်လည်တည်ဆောက်ခြင်းလုပ်ငန်းများနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အင်တိုက်အားတိုက်ဆက်လက်ဆောင်ရွက်လျက်ရှိပြီး နိုင်ငံတကာမှလည်း ကူညီမှုများကိုဆောင်ရွက်ပေးလျက်ရှိသည်။

၃။ အလားတူ နိုင်ငံတော်အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ လွတ်လပ်ပြီးတရားမျှတသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို ယခုနှစ်အတွင်း မဖြစ်မနေကျင်းပဆောင်ရွက်ပေးနိုင်ရေး ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပချိန်၌ တစ်နိုင်ငံလုံးရှိ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူပြည်သူများအားလုံး ဆန္ဒမဲများပေးနိုင်ရေး ဒေသအလိုက်တည်ငြိမ်အေးချမ်းမှုရှိရန် လိုအပ်လျက်ရှိသည်။

၄။ သို့ဖြစ်ပါ၍ နိုင်ငံတော်အနေဖြင့် ငလျင်ဒဏ်သင့်ဒေသများ၌ ပြန်လည်တည်ဆောက်ရေးနှင့်ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့်ဆက်လက်ဆောင်ရွက်နိုင်စေရေး၊ လွတ်လပ်ပြီးတရားမျှတသည့် ပါတီစုံဒီမိုကရေစီရွေးကောက်ပွဲကိုအောင်မြင်စွာကျင်းပနိုင်စေရေး၊ နိုင်ငံတော်နှင့်နိုင်ငံသားအားလုံး၏ အကျိုးစီးပွားကို ပိုမိုလျင်မြန်စွာဖော်ဆောင်နိုင်စေရေး၊ ရေရှည်တည်တံ့ပြီးစစ်မှန်သည့်ငြိမ်းချမ်းရေးကို ဖော်ဆောင်နိုင်စေရေးတို့အတွက် တည်ငြိမ်အေးချမ်းမှုကိုရှေးရှုပြီး တပ်မတော်အနေဖြင့် ၂၀၂၅ ခုနှစ်၊ ဇွန် ၁ ရက်မှ ၃၀ ရက်အထိကာလကို ယာယီပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးကာလအဖြစ် ထပ်မံတိုးမြှင့်ထုတ်ပြန်လိုက်သည်။

၅။ ယာယီပစ်ခတ်တိုက်ခိုက်မှု ထုတ်ပြန်ကြေညာထားသည့်ကာလအတွင်း တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် အခြားလက်နက်ကိုင်အဖွဲ့များအနေဖြင့် အများပြည်သူသွားလာအသုံးပြုလျက်ရှိသည့် ဆက်သွယ်ရေးလမ်းကြောင်းများအား နှောင့်ယှက်တိုက်ခိုက်ခြင်းနှင့် ထိခိုက်ပျက်စီးစေခြင်း၊ ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ထိခိုက်ပျက်စီးစေခြင်း၊ လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးတာဝန်ထမ်းဆောင်လျက်ရှိသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ တပ်စခန်းများအား တိုက်ခိုက်ခြင်း၊ တပ်ဌာနချုပ်များကို နှောင့်ယှက်တိုက်ခိုက်ခြင်းများ၊ ငြိမ်းချမ်းရေးကို ထိခိုက်ပျက်စီးစေမည့်အင်အားစုဆောင်းခြင်း၊ ပြင်ဆင်စုဖွဲ့ခြင်း၊ နယ်မြေချဲ့ထွင်ခြင်းများကိုမပြုရန်နှင့် ထိုကဲ့သို့ဆောင်ရွက်လာပါက တပ်မတော်အနေဖြင့် ပြည်သူလူထုကို ကာကွယ်သောအားဖြင့် လိုအပ်သည့်အရေးယူတုံ့ပြန်မှုများကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်အပ်ပါသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး

# ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမိုးအောင်နှင့်အဖွဲ့ (၁၃) ကြိမ်မြောက် လုံခြုံရေးကိစ္စရပ်များဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများအစည်းအဝေးသို့ တက်ရောက်


ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမိုးအောင် ပဉ္စမအကြိမ် အာဆီယံ-ရုရှားလုံခြုံရေးဆိုင်ရာ အဆင့်မြင့်ကိုယ်စားလှယ်များဆွေးနွေးပွဲသို့ တက်ရောက်စဉ်။

နေပြည်တော် မေ ၃၁

အမျိုးသား လုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌရုံး ဝန်ကြီးဌာန(၁) ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မိုးအောင် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့၌ မေ ၂၇ ရက်မှ ၂၉ ရက်အထိ ကျင်းပသည့် (၁၃) ကြိမ်မြောက် လုံခြုံရေးကိစ္စရပ်များဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးသို့ တက်ရောက်သည်။

အစည်းအဝေးသို့ နိုင်ငံပေါင်း ၁၀၅ နိုင်ငံနှင့် နိုင်ငံတကာအဖွဲ့အစည်းပေါင်း ၁၅ ဖွဲ့တို့မှ ပါဝင်တက်ရောက်ပြီး ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ ဗလာဒီမာပူတင်က Video Message ဖြင့် အဖွင့်အမှာစကားပြောကြားကာ ရုရှားနိုင်ငံ အမျိုးသားလုံခြုံရေးကောင်စီ အတွင်းရေးမှူး H.E. Mr. Sergei Shoigu၊ ရုရှားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Sergey Lavrov တို့က အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် အစည်းအဝေးတွင် အမျိုးသားလုံခြုံရေးဆိုင်ရာအကြံပေးပုဂ္ဂိုလ် ပြည်ထောင်စုဝန်ကြီးက "ကမ္ဘာ့တောင်ခြမ်း (Global South)နှင့် ကမ္ဘာ့အရှေ့ခြမ်း (Global East) နိုင်ငံများအတွက် စိန်ခေါ်မှုများနှင့် အခွင့်အလမ်းများ"ခေါင်းစဉ်အား ပါဝင်ဆွေးနွေးသည်။

ထို့အပြင် "သတင်းအချက်အလက်လုံခြုံရေးနှင့် နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှု" ကဏ္ဍနှင့် စပ်လျဉ်း၍လည်း ပါဝင်ဆွေးနွေးခဲ့သည်။

အမျိုးသား လုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ် ပြည်ထောင်စုဝန်ကြီးသည် ပဉ္စမအကြိမ် အာဆီယံ-ရုရှား လုံခြုံရေးဆိုင်ရာ အဆင့်မြင့် ကိုယ်စားလှယ်များ ဆွေးနွေးပွဲသို့ တက်ရောက်ပြီး လုံခြုံရေးကောင်စီအတွင်းရေးမှူး H.E. Mr. Sergei Shoigu နှင့်အတူ ပူးတွဲသဘာပတိအဖြစ် ဆောင်ရွက်သည်။

အဆိုပါဆွေးနွေးပွဲ၌ အမျိုးသား လုံခြုံရေးဆိုင်ရာအကြံပေးပုဂ္ဂိုလ် ပြည်ထောင်စုဝန်ကြီးနှင့် အတူ တက်ရောက်လာသည့် အာဆီယံ အဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များက အာရှ-ပစိဖိတ်ဒေသ၏ လုံခြုံရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု အခြေအနေများ၊ သတင်းအချက်အလက် ဖလှယ်နိုင်မှု တိုးတက်ဆောင်ရွက်နိုင်ရေးနှင့် သမားရိုးကျနှင့် သမားရိုးကျမဟုတ်သော လုံခြုံရေးဆိုင်ရာ စိန်ခေါ်မှုများအပေါ် တုံ့ပြန်နိုင်မည့် အလားအလာများအား ဆွေးနွေးကြသည်။

အမျိုးသား လုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရုရှားလုံခြုံရေးကောင်စီအတွင်းရေးမှူး H.E. Mr. Sergei Shoigu နှင့်တကွ နိုင်ငံတကာ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များနှင့် အတူ အမျိုးသားအောင်ပွဲ ပြတိုက်သို့ သွားရောက်၍ အထိမ်းအမှတ်နေရာတွင် ဝမ်းနည်းခြင်းအထိမ်းအမှတ် လွမ်းသူ့ပန်းခွေချခြင်းအခမ်းအနားသို့ တက်ရောက်သည်။

ရုရှား ဖက်ဒရေးရှင်းနိုင်ငံသို့ ရောက်ရှိနေစဉ် ခရီးစဉ်အတွင်း အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ် ပြည်ထောင်စုဝန်ကြီးသည် ရုရှားနိုင်ငံသမ္မတ၏ အကြံပေးပုဂ္ဂိုလ် H.E. Mr. Nikolay Patrushev၊ ရုရှားလုံခြုံရေးကောင်စီအတွင်းရေးမှူး H.E. Mr. Sergei Shoigu၊ ဒူးမားလွှတ်တော် ဒုတိယဥက္ကဋ္ဌ H.E. Mr. Sholban Valerievich Kara-ool ဦးဆောင်သော လွှတ်တော်ကိုယ်စားလှယ်အဖွဲ့၊ ရုရှားလုံခြုံရေးကောင်စီ ဒုတိယအတွင်းရေးမှူး Alexy L. Shevtsov တို့နှင့် သီးခြားစီတွေ့ဆုံကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ရုရှားသမ္မတ မစ္စတာ ဗလာဒီမာပူတင်တို့ တွေ့ဆုံဆွေးနွေးခဲ့သည့် နှစ်နိုင်ငံချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များအပေါ် ဆက်လက်ဆောင်ရွက်မှုအခြေအနေများ၊ မြန်မာ-ရုရှား နှစ်နိုင်ငံအကြား အကြမ်းဖက်မှုတိုက်ဖျက်ရေးနှင့် လုံခြုံရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ကဏ္ဍများအား အပြန်အလှန် ဆွေးနွေးကြသည်။

ထို့ပြင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ နိုင်ငံရေးဗျူရို၏ အဖွဲ့ဝင် နိုင်ငံရေးနှင့် ဥပဒေရေးရာကော်မတီ၏ဥက္ကဋ္ဌဖြစ်သည့် H.E. Mr. Chen Wenqing နှင့်တွေ့ဆုံ၍ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံသမ္မတ မစ္စတာ ရှီကျင့်ဖျင်တို့ တွေ့ဆုံဆွေးနွေးခဲ့သည့် နှစ်နိုင်ငံ ပူးပေါင်း ဆောင်ရွက်ရေးနှင့် နယ်စပ်ဒေသ လုံခြုံရေးဆိုင်ရာ ကိစ္စရပ်များအပေါ် ဆက်လက်ဆောင်ရွက်မှု အခြေအနေများ ဆွေးနွေးကြသည်။

ယင်းနောက် ထိုင်းနိုင်ငံ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် အမျိုးသား လုံခြုံရေးကောင်စီ အတွင်းရေးမှူး Mr. Chatchi Bangchaud နှင့်လည်းကောင်း၊ ကမ္ဘောဒီးယားနိုင်ငံ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် Lieutenant General Ke Da တို့နှင့် လည်းကောင်း သီးခြားစီတွေ့ဆုံဆွေးနွေးသည်။

ထို့နောက် ဘီလာရုစ်သမ္မတနိုင်ငံ အမျိုးသားလုံခြုံရေးကောင်စီ အတွင်းရေးမှူး H.E. Mr. Alexander Grigoyevich Volfovich နှင့် တွေ့ဆုံကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဘီလာရုစ်သမ္မတ မစ္စတာ လူကာရှန်ကိုတို့ တွေ့ဆုံဆွေးနွေးခဲ့သည့် နှစ်နိုင်ငံ ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များအပေါ် ဆက်လက်ဆောင်ရွက်မှု အခြေအနေများ၊ မြန်မာနိုင်ငံ၏ ငလျင်ဘေး ပြန်လည်ထူထောင်ရေး အပါအဝင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅)ရပ်အား အကောင်အထည်ဖော်ဆောင်ရွက်နေမှုနှင့် လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲ ကျင်းပနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်နေမှုတို့အား ရှင်းနီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# “ငလျင်ဘေးအလွန် မြန်မာ့စီးပွားရေး ပြန်လည်ကုစားခြင်းနှင့် ပြန်လည်ထူထောင်ခြင်း” သုံးသပ်ဆွေးနွေးပွဲ ဆက်လက်ကျင်းပ

နေပြည်တော် မေ ၃၁

“ငလျင်ဘေးအလွန် မြန်မာ့စီးပွားရေးပြန်လည်ကုစားခြင်းနှင့် ပြန်လည်ထူထောင်ခြင်း” သုံးသပ်ဆွေးနွေးပွဲကို ယနေ့တွင် နေပြည်တော်ရှိ မင်္ဂလာသီရိ ဟိုတယ်၌ ဆက်လက်ကျင်းပသည်။



**တွေးခေါ်ဆောင်ရွက်**

ဦးစွာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဦးမောင်မောင်အုန်းက နိုင်ငံတော်အကြီးအကဲအနေဖြင့် နိုင်ငံ့အကျိုးအတွက် အားလုံးဝိုင်းဝန်းဆွေးနွေးပေးကြသည့် ယခုဆွေးနွေးပွဲရလဒ်များကို အလေးထားပါကြောင်း၊ ဆွေးနွေးပွဲတွင် ဝိုင်းဝန်းဆွေးနွေးကြသည့် ဆွေးနွေးချက်များသည် ကျေနပ်အားရဖွယ်ကောင်းပြီး စီးပွားရေးကဏ္ဍအတွက်သာမက နိုင်ငံရေးအတွက်ပါ အကျိုးရှိစေနိုင်သည့် ဆွေးနွေးမှုများ ဖြစ်ခဲ့ပါကြောင်း၊ စီးပွားရေးနှင့် နိုင်ငံရေးသည် ချိတ်ဆက်လျက်ရှိပြီး အပြန်အလှန် အမှီသဟဲပြုနေသည့်အတွက် မိမိတို့နိုင်ငံတွင်ဖြစ်ပေါ်နေသည့် နိုင်ငံရေးအခြေအနေကို မှန်မှန်ကန်ကန် စဉ်းစားသုံးသပ်ကာ နိုင်ငံ့အကျိုးစီးပွားအတွက် နိုင်ငံကြီးသားပီသစွာ တွေးခေါ်ဆောင်ရွက်သွားကြမည်ဖြစ်ပါကြောင်း။

ဆွေးနွေးမှုများမှတစ်ဆင့် ရရှိလာသည့် ရလဒ်များကို နိုင်ငံတော်အကြီးအကဲထံတင်ပြ၍ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး အတွက် ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ ယနေ့ဆွေးနွေးရာတွင် ဌာနဆိုင်ရာများအနေဖြင့် မူဝါဒကို တင်ပြခြင်းထက် နိုင်ငံအတွက် ဆောင်ရွက်သင့်သည် များကို ဦးစားပေး ဆွေးနွေးကြစေလိုပါကြောင်း၊ တက်ရောက်လာကြသူအားလုံးကလည်း နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ပွင့်ပွင့်လင်းလင်း ဝိုင်းဝန်းအဖြေရှာဆွေးနွေးပေးကြ စေလိုပါကြောင်း ပြောကြားသည်။

ထို့နောက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံက ယမန်နေ့ ဆွေးနွေးချက်များကိုစုစည်းပြီး ယနေ့ ဆက်လက် ဆွေးနွေးရာတွင် ကောင်းမွန်သည့် ရလဒ်များ ထွက်ပေါ်လာမည်ဟု ယုံကြည်ပါကြောင်း၊ ယနေ့ဆွေးနွေးရာတွင် ငလျင်အပြီး ဖြစ်ပေါ်လာမည့် ပြည်တွင်း ပြည်ပ စီးပွားရေးဈေးကွက်နှင့် ကုန်သွယ်မှုကို နိုင်ငံ၏ ပထဝီနိုင်ငံရေး၊ ပထဝီစီးပွားရေး အခင်းအကျင်းများဖြင့် ချိန်ထိုးပြီး လက်တွေ့ကျသည့် အဖြေရှာ ဆွေးနွေးမှုများဖြစ်စေလိုပါကြောင်း၊ ပို့ကုန်နှစ်ဆတိုးမြှင့်ဆောင်ရွက်နိုင်ရေး အတွက် အစိုးရ-ပုဂ္ဂလိက ပူးပေါင်း၍ လယ်ယာ၊ သားငါး၊ စက်မှုနှင့် ခရီးသွားကဏ္ဍများကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့ပြင် မိမိတို့ဝန်ကြီးဌာနအနေဖြင့် အမျိုးသားပို့ကုန်မဟာဗျူဟာ (၂၀၂၆-၂၀၃၀) ကို ရေးဆွဲလျက်ရှိပါကြောင်း၊ မိမိတို့ဆောင်ရွက်မှုများကို နိုင်ငံ၏ မူဝါဒနှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် ဆွေးနွေးအဖြေရှာစေလိုပါကြောင်း၊ ဆွေးနွေးပွဲမှရရှိလာသည့် ကောင်းမွန်သည့် အကြံပြုချက်များကို မိမိတို့ဝန်ကြီးဌာနအနေဖြင့် ပူးပေါင်းအကောင်အထည်ဖော် ပေးသွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် ပထမနေ့ ဆွေးနွေးပွဲမှရရှိလာသည့် ဆွေးနွေးချက်များအပေါ် မြန်မာ့ပုံရိပ်ဖော်ညွှန်းရေးအဖွဲ့မှ ဒါရိုက်တာ ဒေါက်တာဇော်ဦးက အနှစ်ချုပ် သုံးသပ်ဆွေးနွေးရာတွင် ငလျင်ဘေးသင့်ဒေသများ၊ ကုန်ထုတ်လုပ်မှုကဏ္ဍနှင့် အခြေခံအဆောက်အအုံဟူသည့် ကဏ္ဍသုံးရပ်အပေါ် အခြေခံ၍ ဆောင်ရွက်သွားရမည့် ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်များ၊ ငွေရေးကြေးရေး၊ ကုန်သွယ်ရေး၊ အလုပ်အကိုင်၊ လုပ်သား၊ အာမခံစနစ်၊ ရင်းနှီးမြှုပ်နှံမှု၊ ပညာရေး၊ ကျန်းမာရေးစသည်တို့ အပါအဝင် ကဏ္ဍပေါင်းစုံ လွှမ်းခြုံလျက်ရှိသော ဝန်ဆောင်မှုနှင့် လူမှုရေးစနစ် ဆောင်ရွက်ရေး၊ ထိုသို့ဆောင်ရွက်ရာတွင် ထိရောက်မှုရှိစေရေးအတွက် မူဘောင်ချမှတ်၍ ဖော်ဆောင်သွားမည့် အခြေအနေ။

မူဘောင်များကို လူမှုကာကွယ်ရေးအပါအဝင် လူသားချင်းစာနာထောက်ထားမှု အကူအညီများ၊ အခြေခံအဆောက်အအုံ ပြန်လည်တည်ဆောက်ရေး၊ စီးပွားရေး ပြန်လည်ရှင်သန်ခြင်း၊ ပြုပြင်ပြောင်းလဲရေး၊ ကြံ့ကြံ့ခံနိုင်စွမ်းရှိရေး၊ အားလုံးလွှမ်းခြုံမှုရှိစေရေးတို့ကို အခြေခံထားဆောင်ရွက်ရေး၊ ထိုသို့ ဆောင်ရွက်ရာတွင် ယမန်နေ့ ဆွေးနွေးမှုများမှရရှိလာသည့် အခြေခံမူများ၊ ချဉ်းကပ်မှုပုံစံများနှင့် လုပ်ငန်းစဉ်များ၊ နိုင်ငံတကာစံနှုန်းများ၊ ဦးစားပေးသတ်မှတ်ချက်နှင့် ရေတိုဆောင်ရွက်ရမည့် ကိစ္စရပ်များ၊ ရလဒ်ဗဟိုပြု အကောင်အထည်ဖော်ရေးတို့နှင့် စပ်လျဉ်း၍ အသေးစိတ်စုစည်း ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ စကားဝိုင်းဆွေးနွေးခြင်းအစီအစဉ်ကို ကျင်းပရာ သဘာပတိအဖြစ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ ဦးအေးဝင်းနှင့် မြန်မာ့ပုံရိပ်ဖော်ညွှန်းရေးအဖွဲ့မှ ဒါရိုက်တာ ဒေါက်တာ ဇော်ဦးတို့က ပူးတွဲဆောင်ရွက်ပြီး တက်ရောက်လာကြသူများက လက်တွေ့ဆောင်ရွက်သွားမည့် ပူးတွဲဆန်းစစ်မှုဆိုင်ရာ လုပ်ငန်းများ၊ အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းများ၊ ထင်သာမြင်သာရှိမည့် ရှေးဦးရလဒ်များ၊ ပြန်လည်ထူထောင်ရေး ညီလာခံ၊ ပြန်လည်ထူထောင်ရေး အစီအစဉ်များကို အသေးစိတ်ဝိုင်းဝန်းဆွေးနွေးကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ကမ္ဘာပေါ်တွင် မျိုးသုဉ်းရန်အန္တရာယ်ရှိနေသည့် ကျားမျိုးစိတ်များမှ မျိုးစိတ်နှစ်မျိုး မြန်မာနိုင်ငံမြောက်ပိုင်းနှင့် တောင်ပိုင်းဒေသတို့တွင် ရှင်သန်ကျက်စားနေ

ရန်ကုန် မေ ၃၁

ကမ္ဘာပေါ်ရှိ နိုင်ငံပေါင်း ၁၃ နိုင်ငံတွင် ကျားမျိုးစိတ် ကိုးမျိုး ရှင်သန်ကျက်စားလျက်ရှိပြီး အဆိုပါကျားမျိုးစိတ်တို့တွင် မျိုးသုဉ်းရန်အန္တရာယ်နှင့် ရင်ဆိုင်နေရသည့် ကျားမျိုးစိတ်နှစ်မျိုးသည် မြန်မာပြည်မြောက်ပိုင်း ထမံသီဘေးမဲ့တောနှင့် မြန်မာပြည်တောင်ပိုင်း တနင်္သာရီသဘာဝကြိုးဝိုင်းတို့တွင် ရှင်သန်ကျက်စားနေကြောင်း သိရသည်။



ကျားမျိုးစိတ်နှစ်မျိုးဖြစ်သည့် ဘင်္ဂလားကျားသည် ဟူးကောင်းချိုင့်ဝှမ်းနှင့် ထမံသီဘေးမဲ့တောတွင် ရှင်သန်ကျက်စားနေပြီး ဘင်္ဂလားကျားသည် အောက်ခံညို့ဝါရောင်ပေါ်၌ အနက်ရောင်အစင်းများထင်ရှားစွာရှိ၍ နားရွက်ပေါ်တွင် အဖြူအစက်များပါရှိကာ သန်မာထွားကြိုင်းသော လက်ဖဝါးတွင် ချွန်ထက်သန်မာသော ခြေသည်းလက်သည်းများဖြင့် အစာကွင်းဆက်အမြင့်ဆုံး မျိုးဆက်အဖြစ် လှည့်လည်ကျက်စားလျက်ရှိသည်။

“မြန်မာနိုင်ငံရဲ့ တောင်ပိုင်းနဲ့မြောက်ပိုင်းမှာ ကမ္ဘာပေါ်မှာမျိုးသုဉ်းဖို့ အန္တရာယ်ရှိနေတဲ့ ကျားမျိုးစိတ်နှစ်မျိုး ရှင်သန်ကျက်စားနေတာဟာ နိုင်ငံအတွက် ဝမ်းသာဂုဏ်ယူစရာပါ။ မြန်မာနိုင်ငံရဲ့ ဇီဝမျိုးစုံမျိုးကွဲတွေနဲ့ ဂေဟဗေဒစနစ် ရှင်သန်ကြွယ်မှုကို ပြသနေတာဖြစ်တဲ့အတွက် ကျားမျိုးစိတ်တွေ ပျောက်ကွယ်မှုမရှိအောင် အားလုံးဝိုင်းဝန်းထိန်းသိမ်းပြီး ပညာပေးလုပ်ငန်းတွေ ဆက်လက်လုပ်ဆောင်ဖို့ လိုပါတယ်။ ထမံသီဘေးမဲ့တောထဲမှာ ဘင်္ဂလားကျား ၂၂ ကောင်နီးပါး ကျက်စားနေတယ်လို့ မှတ်တမ်းထားရှိပါတယ်”ဟု ထမံသီဘေးမဲ့တော အုပ်ချုပ်ရေးမှူး ဦးဝင်းလှိုင်က ပြောသည်။

တနင်္သာရီသဘာဝကြိုးဝိုင်းသည် မြန်မာနိုင်ငံတွင် ပထမဆုံးဖွဲ့စည်းခဲ့သော သဘာဝကြိုးဝိုင်းတစ်ခုဖြစ်ပြီး အပူပိုင်းမုတ်သုံမိုးသစ်တောဖြစ်၍ ဇီဝမျိုးစုံမျိုးကွဲများ ကြွယ်ဝလျက်ရှိရာ သဘာဝကြိုးဝိုင်းအတွင်း အင်ဒိုနီးရှားကျားမျိုးစိတ်များ ရှင်သန်ကျက်စားနေထိုင်မှုကို ကင်မရာထောင်ချောက်မှတ်တမ်းဖြင့် တွေ့ရှိခဲ့ခြင်းဖြစ်သည်။ အင်ဒိုနီးရှားကျားမျိုးစိတ်သည် ဘင်္ဂလားကျားထက် အရွယ်အစားအနည်းငယ် ငယ်ရွယ်ပြီး အရောင်အသွေးပိုရင့်ကြောင်း သိရသည်။

“တစ်နိုင်ငံလုံးက သစ်တောတွေမှာရှိတဲ့ ကျားကောင်ရေထဲမှာ သဘာဝကြိုးဝိုင်းဧရိယာထဲက ၁၀ ရာခိုင်နှုန်းပဲ ကျားကောင်ရေစာရင်း ကောက်ယူနိုင်တဲ့ အနေအထားရှိပါတယ်။ တနင်္သာရီသဘာဝကြိုးဝိုင်းထဲမှာ အင်ဒိုနီးရှားကျား ကောင်ရေ ၂၀ ကျော် ရှင်သန်နေတယ်လို့ အမျိုးသားအဆင့် ကျားထိန်းသိမ်းရေးလုပ်ငန်းစီမံချက် (National Tiger Action Plan) မှာ ဖော်ပြထားပါတယ်”ဟု တနင်္သာရီသဘာဝကြိုးဝိုင်း ဦးစီးအရာရှိ ဦးငြိမ်းအောင်က ပြောသည်။

ကမ္ဘာ့ကျားအရေအတွက် စုစုပေါင်း၏ ၄ ပုံ ၃ ပုံသည် အိန္ဒိယနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့တွင် ကျက်စားလျက်ရှိပြီး မြန်မာနိုင်ငံတွင် ကျားများနှစ်ဆတိုးပွား (Tiger Times Two)ဟူသော ဆောင်ပုဒ်နှင့်အညီ ကမ္ဘာ့ကျားကောင်ရေ နှစ်ဆတိုးပွားစေရန် အမျိုးသားအဆင့် ကျားထိန်းသိမ်းရေးစီမံချက်ကို ရေးဆွဲအကောင်အထည်ဖော် လုပ်ဆောင်ခဲ့ရာ ၂၀၂၂ ခုနှစ်တွင် ကမ္ဘာ့ဘဏ်၏ လေ့လာခန့်မှန်းချက်အရ မြန်မာနိုင်ငံ၌ ကျားကောင်ရေ ၃၅ ကောင်မှ ၇၀ အထိ ရှိနိုင်ကြောင်း သုံးသပ်ထားသည်။

၂၀၁၀ ပြည့်နှစ် နိုဝင်ဘာ ၂၁ ရက်နေ့က ရုရှားသမ္မတ ဗလာဒီမာပူတင်နှင့် ကမ္ဘာ့ဘဏ်ဥက္ကဋ္ဌ မစ္စတာရောဘတ်ဇိုးလစ်တို့ ရုရှားနိုင်ငံ စိန့်ပီတာစဘတ်မြို့တွင် “အပြည်ပြည်ဆိုင်ရာ ကျားမျိုးထိန်းသိမ်းစောင့်ရှောက်ရေးဖိုရမ်”ကို ဦးဆောင်ကျင်းပခဲ့ပြီး ကျားမျိုးဆက်ထိန်းသိမ်းရေးလုပ်ငန်းကို မြန်မာနိုင်ငံနှင့်အတူ ကမ္ဘာ့နိုင်ငံများ ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ ကမ္ဘာပေါ်တွင် မြန်မာ၊ တရုတ်၊ ရုရှား၊ အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်၊ ထိုင်း၊ အင်ဒိုနီးရှား၊ မလေးရှား၊ ဘူတန်၊ နီပေါ၊ လာအို၊ ဗီယက်နမ်နှင့် ကမ္ဘောဒီးယားနိုင်ငံတို့၌ ကျားမျိုးစိတ်များ ရှင်သန်ကျက်စားနေကြောင်း သိရသည်။

သတင်း - အောင်သန်းဦး

ဓာတ်ပုံ - ဖွဲ့မာန်

# ပြည်ထောင်စုဝန်ကြီးဦးကိုကိုလွင် မန္တလေးလျှော်ဒဏ်သင့် စွမ်းအင်ဝန်ကြီးဌာန ဝန်ထမ်းမိသားစုများ၏ အိမ်ရာများနှင့် ယာယီကယ်ဆယ်ရေးစခန်း ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၃၁

စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်သည် ဒုတိယဝန်ကြီး၊ ပြည်ထောင်စုဝန်ကြီးရုံး ညွှန်ကြားရေးမှူးချုပ်၊ တာဝန်ရှိသူများနှင့်အတူ ယနေ့ညနေပိုင်းတွင် မန္တလေးငလျင်ဒဏ်ခံစားခဲ့ရသည့် စွမ်းအင်ဝန်ကြီးဌာန ဝန်ထမ်းမိသားစုများ၏ အိမ်ရာများနှင့် ယာယီကယ်ဆယ်ရေးစခန်းတွင် ဝန်ထမ်းများနေရာချထားမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် နေပြည်တော်ကောင်စီနယ်မြေရှိ အပြာရောင်အဆင့်သတ်မှတ်ထားရှိသော မန္တလေးငလျင်ဒဏ်သင့် ဝန်ထမ်းအိမ်ရာများ၏ ပြုပြင်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ပြန်လည်နေထိုင်လျက်ရှိသည့် ဝန်ထမ်းများအား တွေ့ဆုံအားပေး၍ လိုအပ်သည်များကို ဖြည့်ဆည်းပေးသည်။



ဆက်လက်၍ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မြေငလျင်ဘေးဒဏ်သင့် စွမ်းအင်ဝန်ကြီးဌာနမှ ဝန်ထမ်းနှင့် မိသားစုများအား နေရာချထားပေးသည့် နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏခရိုင်ရှိ Myanmar Secure Group (MSG) Company Limited ဝင်းအတွင်းရှိ ယာယီကယ်ဆယ်ရေးစခန်း အမှတ်(၂)သို့ သွားရောက်၍ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီမှ ခွဲဝေရရှိသည့် Container House များ တပ်ဆင်တည်ဆောက်ပြီးစီးမှုအခြေအနေများ၊ ဝန်ကြီးဌာနအစီအစဉ်ဖြင့် ဆောက်လုပ်ပြီးစီးသည့် Modular House Type 1 နှင့် Type 2 တို့တွင် ဝန်ထမ်းမိသားစုများ ပြောင်းရွှေ့နေရာချထားမှုအခြေအနေများ၊ ယာယီကယ်ဆယ်ရေးစခန်းအတွင်း ရေ၊ မီး၊ မိလ္လာစနစ်များ ကောင်းမွန်စေရေး၊ ဝန်ထမ်းများ ချက်ပြုတ်စားသောက်ရေး အဆင်ပြေစေရန် Portable Gas မီးဖိုများ ဖြန့်ဝေပေးထားမှု၊ ရေသန့်စက် တပ်ဆင်အသုံးပြုနေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ ပြည်ထောင်စုဝန်ကြီးက ဝန်ထမ်းများအနေဖြင့် မိမိတို့နေထိုင်ရာပတ်ဝန်းကျင် သန့်ရှင်းသာယာမှုရှိစေရေး အားလုံးဝိုင်းဝန်း ပူးပေါင်းဆောင်ရွက်ကြရန် လိုကြောင်း၊ တစ်ဦးနှင့်တစ်ဦး ချစ်ကြည်ရင်းနှီးစွာဖြင့် လက်ရှိအခြေအနေမှ အမြန်ဆုံးပြန်လည်ရုန်းထနိုင်ရေး စိတ်ဓာတ်ကြံ့ခိုင်စွာ အားထုတ်ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း မှာကြားပြီး ဝန်ထမ်းများ၏တင်ပြချက်များအပေါ် လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

စွမ်းအင်ဝန်ကြီးဌာန၏ ဝန်ထမ်းအိမ်ရာများအနက် အပြာရောင်အဆင့်သတ်မှတ်ထားရှိသော မန္တလေးငလျင်ကြီးဒဏ်သင့် တိုက်၊ အိမ်ရာနှင့်အဆောင် စုစုပေါင်း၂၀ ရှိပြီး လက်ရှိအချိန်အထိ ၉၀ ရာခိုင်နှုန်းကျော် ပြုပြင်ပြီးစီးပြီဖြစ်သဖြင့် အဆိုပါတိုက်၊ အိမ်ရာနှင့် အဆောင်များတွင် ဝန်ထမ်းမိသားစုများ ပြန်လည်နေထိုင်လျက်ရှိကြောင်းနှင့် ပြုပြင်ရန်ကျန်ရှိသည့် တိုက်၊ အိမ်ရာနှင့် အဆောင်များကိုလည်း ဇွန်လပထမပတ်အတွင်း ရာနှုန်းပြည့်ပြုပြင်ပြီးစီးမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# ငလျင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အင်တိုက်အားတိုက်ဆက်လက်ဆောင်ရွက်လျက်ရှိ

နေပြည်တော် မေ ၃၁

မြန်မာနိုင်ငံတွင် လှုပ်ခတ်ခဲ့သော မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့် နေရာများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို အဖွဲ့အစည်းအသီးသီးက ဒေသခံပြည်သူများနှင့် ပူးပေါင်း၍ အင်တိုက်အားတိုက် ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

**ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်**

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံနှင့် တာဝန်ရှိသူများသည် စစ်ကိုင်းမြို့အတွင်း ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော စေတီပုထိုးများနှင့် သာသနိကအဆောက်အအုံများရှိ အပျက်အစီးများကို မိုးမကျမီဖယ်ရှားရှင်းလင်းနိုင်ရေးအတွက် စက်ယန္တရားအင်အားများ တိုးချဲ့၍ အရှိန်အဟုန်မြှင့် ဖယ်ရှားရှင်းလင်းနေမှုများ၊ အဖွဲ့အစည်းအသီးသီးက စုပေါင်းလုပ်အားပေး ရှင်းလင်းဖယ်ရှားနေမှုများနှင့် ပြန်လည်ပြုပြင်မွမ်းမံနေမှုများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံ စစ်ကိုင်းမြို့အတွင်း ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သောအပျက်အစီးများကို စက်ယန္တရားများဖြင့် ဖယ်ရှားရှင်းလင်းနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

ဆက်လက်၍ စစ်ကိုင်းမြို့အတွင်း ရေစီးရေလာကောင်းမွန်စေရေးနှင့် မြို့သန့်ရှင်းသာယာလှပရေးတို့အတွက် စစ်ကိုင်းမြို့ရှိ ရေနုတ်မြောင်းများ ရှင်းလင်းနေမှု၊ ငလျင်ဘေးဒဏ်ကြောင့် လမ်းဘေးဝဲ/ယာ အပြိုအပျက်များအား မြန်မာနိုင်ငံရဲတပ်ဖွဲ့က ဖယ်ရှား ရှင်းလင်းနေမှုများ၊ ရွှေတောင်ဦးမော်ရပ်ရှိ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးမှုမရှိသော ၁၈၇၄ ခုနှစ် ဇွန်လက အိမ်ရှေ့စံ ကနောင်မင်းသားကြီး တည်ဆောက်ခဲ့သည့် စစ်ကိုင်းသံချက်ဖို၊ ငလျင်ဘေးဒဏ်သင့် ပြည်သူများအတွက် တပ်မတော်ရေသန့်စက်ဖြင့် ဧရာဝတီမြစ်ရေကို သန့်စင်ပြီး ရေသန့်ထုတ်ဝေပေးနေမှုများနှင့် ပါရမီ ရပ်ကွက်ရှိ နှစ်(၇၀၀)ပြည့် အားကစားကွင်းတွင် ငလျင်ဘေးဒဏ်ကြောင့်ပြိုကျပျက်စီးခဲ့သော အပျက်အစီးများကို ဖယ်ရှား ရှင်းလင်းနေမှုများကို ကြည့်ရှု၍ လိုအပ်သည်များပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ထို့အတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး စိုးတင့်နိုင်နှင့် တာဝန်ရှိသူများသည် မန္တလေးမြို့ အောင်မြေသာစံမြို့နယ်နှင့် အမရပူရမြို့နယ်တို့ရှိ ဘုရားစေတီများရှိ ငလျင်ဒဏ်သင့်၍ ပြိုကျပျက်စီးခဲ့သည့် အပျက်အစီးများအား ဖယ်ရှားရှင်းလင်းနေမှုနှင့် ပြန်လည်တည်ဆောက်ရေး ဆောင်ရွက်နေမှု၊ ချမ်းအေးသာစံမြို့နယ်ရှိ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော အန္တရာယ်ရှိ လူနေ အဆောက်အအုံများအား ဖြိုချပြီး အပျက်အစီးများ အပြီးသတ်ရှင်းလင်းနေမှု၊ ဖြိုချဖျက်ဆီးဆဲ အန္တရာယ်ရှိအဆောက်အအုံများ၌ စက်ယန္တရားကြီးများ အသုံးပြု၍ အင်တိုက်အားတိုက် ရှင်းလင်းရေး ဆောင်ရွက်နေမှု၊ အများပြည်သူ အသုံးပြုမှုများသည့် လမ်းမကြီးများ၌ လမ်းပိတ်ဆို့မှု မဖြစ်ပေါ်စေရေးနှင့် အန္တရာယ်ကင်းစွာ သွားလာနိုင်ရေးတို့ကို လိုက်လံကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးသန့်နိုင် သည် ကျောက်ဆည်မြို့ မြို့တော်ခန်းမ၌ ကျင်းပသည့် ကျောက်ဆည်မြို့နယ်အတွင်းရှိ ငလျင်ဘေးသင့် ပြည်သူ ၂၀၇၃၃ ဦးအား ဆန်ရိက္ခာ ထောက်ပံ့ပေးအပ်ခြင်း အခမ်းအနားသို့တက်ရောက်၍ ထောက်ပံ့ပစ္စည်းများပေးအပ်ကာ ငလျင်ဘေးသင့် ပြည်သူများအား အားပေးစကားပြောကြားသည်။

ယင်းနောက် ကျောက်ဆည်မြို့ရှိ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ဘုရားစေတီများနှင့် သာသနိကအဆောက်အအုံများ၌ အပျက်အစီးများ ဖယ်ရှားရှင်းလင်းနေမှု၊ ကိုးပင်ကျေးရွာအုပ်စုရှိ အင်ကုန်းဓာတ်အားခွဲရုံမှ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးနေမှု၊ နှစ်ခန်းတွဲဝန်ထမ်းအိမ်ရာနှင့် ပစ္စည်းဂိုဒေါင် ပျက်စီးမှုတို့အား သွားရောက် ကြည့်ရှုစစ်ဆေးပြီး လုပ်အားပေးဆောင်ရွက်နေသူများအား စားသောက်ဖွယ်ရာများ ပေးအပ်ကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ဆက်လက်၍ မြစ်သားမြို့နယ် ကူမဲမြို့ရှိ ရွှေဘုံသာကျောင်းဝင်းအတွင်းရှိ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော ဘုရားစေတီများရှိ အပျက်အစီးများအား စက်ယန္တရားဖြင့် ရှင်းလင်းဆောင်ရွက်နေမှု၊ ကူမဲမြို့ရှိ ဖြူပွါလလူမှုကူညီရေးအသင်း ရုံးဝင်းအတွင်း၌ Modular House များဖြင့် ယာယီကျေးလက်ကျန်းမာရေးဆေးခန်း ဖွင့်လှစ်ဆောင်ရွက်နေမှုနှင့် ကူမဲမြို့အတွင်းရှိ ငလျင်ဘေးဒဏ်ကြောင့် ပျက်စီးသွားသော အဆောက်အအုံများအား ပြန်လည်ပြုပြင်တည်ဆောက်ရေးအတွက် လိုအပ်လျက်ရှိသော ဘိလပ်မြေ၊ သံချောင်းနှင့် အထပ်သားပြားများအား စက်ရုံထုတ် အထူးဈေးနှုန်းဖြင့် ရောင်းချပေးနေမှုများကို သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ပြည်တွင်း၌ ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်၍ စဉ်ဆက်မပြတ်စောင့်ကြပ်ကြည့်ရှုလျက်ရှိပြီး စိုးရိမ်ဖွယ်မရှိ

**မန္တလေး မေ ၃၁**

ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်၍ ကျန်းမာရေးဝန်ကြီးဌာနက စဉ်ဆက်မပြတ် စောင့်ကြပ်ကြည့်ရှုပြီး အပတ်စဉ်သတင်းများ ထုတ်ပြန်လျက်ရှိရာ ယခုရက်သတ္တပတ်တွင် ခတ်ခွဲအတည်ပြုလူနာသစ်ခြောက်ဦးတွေ့ရှိခဲ့သော်လည်း ပြင်းထန်လူနာ၊ အထူးကြပ်မတ်ကုသမှုပေးရသော လူနာမရှိခြင်းနှင့် သေဆုံးသူမရှိခြင်းတို့ကြောင့် စိုးရိမ်ဖွယ်မရှိကြောင်း သိရသည်။

ပြည်တွင်း၌ SARS CoV-2 မျိုးရိုးဗီဇပြောင်းလဲမှုကို စဉ်ဆက်မပြတ် စောင့်ကြပ်ကြည့်ရှုလျက်ရှိရာ ပြင်းထန်မှုမရှိသည့် မျိုးကွဲဖြစ်ပြီး ကျန်းမာရေးဝန်ကြီးဌာနမှ ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုရေးနှင့် ကာကွယ်ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်သွားမည်ဟု သိရသည်။

"ကျန်းမာရေးဝန်ကြီးဌာနအနေနဲ့ နိုင်ငံဖြတ်ကျော် ဝင်၊ ထွက်ပေါက်တွေဖြစ်တဲ့ အပြည်ပြည်ဆိုင်ရာ လေဆိပ်၊ ဆိပ်ကမ်းနဲ့ နယ်စပ်ဂိတ်များမှာ ရောဂါစောင့်ကြပ်ကြည့်ရှုတာတွေ လုပ်ပါတယ်။သံသယလက္ခဏာရှိသူတွေကို ခတ်ခွဲစစ်ဆေးမှုနဲ့ မျိုးရိုးဗီဇပြောင်းလဲမှုစစ်ဆေးခြင်းအပြင် ကိုဗစ်-၁၉ရောဂါ ကာကွယ်ဆေးထိုးနှံခြင်း စတဲ့ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းစဉ်တွေကို စဉ်ဆက်မပြတ်ဆောင်ရွက်နေပါတယ်" ဟု ကျန်းမာရေးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ မေ ၁၈ ရက်မှ ၂၅ ရက်အတွင်း ခတ်ခွဲနမူနာ စုစုပေါင်း ၂၇၅၄ ခုကို စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါခတ်ခွဲအတည်ပြုလူနာသစ် ခြောက်ဦးတွေ့ရှိခဲ့ကြောင်း၊ ရောဂါတွေ့ရှိမှုရာနှုန်းအရ ၀ ဒသမ ၂၂ ရာခိုင်နှုန်းဖြစ်ပြီး ပြင်းထန်လူနာ၊ အထူးကြပ်မတ်ကုသမှုပေးရသော လူနာနှင့် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးမှုမရှိကြောင်း မေ ၂၇ ရက်က သက်ဆိုင်ရာမှ ထုတ်ပြန်ထားသည်။

(မန္တလေးနေ့စဉ်-၉)

၀-၀-၀-၀-၀

၀-၀-၀

# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင် ဝန်ထမ်းနှင့် ဝန်ထမ်းမိသားစုဝင် သား၊ သမီးများအား ၂၀၂၅-၂၀၂၆ ပညာသင်နှစ်အတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ပညာသင်ထောက်ပံ့ကြေးနှင့် သင်ထောက်ကူပစ္စည်းများ ပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်

**မန္တလေး မေ ၃၁**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့မှ ဝန်ထမ်းနှင့် ဝန်ထမ်းမိသားစုဝင် သား၊ သမီးများအား ၂၀၂၅-၂၀၂၆ ပညာသင်နှစ်အတွက် တိုင်းဒေသကြီး အစိုးရအဖွဲ့မှ ချီးမြှင့်သည့် ပညာသင်ထောက်ပံ့ကြေးနှင့် သင်ထောက်ကူပစ္စည်းများ ပေးအပ်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းက မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမတွင် ကျင်းပရာ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ တိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန တိုင်းဒေသကြီး အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ တိုင်းဒေသကြီး ရုပ်ရှင်မြှင့်တင်ရေးဦးစီးဌာန၊ တိုင်းဒေသကြီး ကုန်တင်ကုန်ချကော်မတီရုံးတို့မှ အရာထမ်းအမှုထမ်း ဝန်ထမ်းများ၊ ဝန်ထမ်းမိသားစုများနှင့် သားသမီးများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနား၌ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် နှစ်စဉ်နှစ်တိုင်း ပညာသင်ထောက်ပံ့ကြေးငွေများကို ချီးမြှင့်ပေးလျက်ရှိပါကြောင်း၊ နိုင်ငံ့ဝန်ထမ်းများအနေဖြင့် တာဝန်များကိုကျေပွန်စွာထမ်းဆောင်ရင်း ပညာရည်ထူးချွန်ထက်မြက်ပြီး ဘာသာတရားကို လေးစားတန်ဖိုးထားတတ်သည့် သားကောင်း သမီးကောင်းများ ဖြစ်အောင် ဝိုင်းဝန်းဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်းနှင့် နိုင်ငံတော်အတွက် အားထားရသည့် လူ့စွမ်းအားအရင်းအမြစ်များဖြစ်အောင် ကြိုးစားသွားကြရမည်ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တိုင်းဒေသကြီးအုပ်ချုပ်ရေးမှူးတို့က ၂၀၂၅ -၂၀၂၆ ပညာသင်နှစ်အတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ချီးမြှင့်သည့် ပညာသင်ထောက်ပံ့ကြေးနှင့် သင်ထောက်ကူပစ္စည်းများကို ပေးအပ်ပြီးနောက် ကျောင်းသား၊ ကျောင်းသူ မိဘများကိုယ်စား ကျောင်းသားမိဘတစ်ဦးက ကျေးဇူးတင်စကားပြောကြားခဲ့သည်။






ယနေ့အခမ်းအနား၌ ပညာသင်ထောက်ပံ့ကြေးငွေ ပေးအပ်မှုတွင် ၂၀၂၅-၂၀၂၆ ပညာသင်နှစ် တက္ကသိုလ်၊ ကောလိပ်အဆင့်တွင် ပညာသင်ကြားနေသော၊ ကျောင်းသား၊ ကျောင်းသူ တစ်ဦးလျှင်ငွေကျပ် နှစ်သိန်းနှုန်း၊ အခြေခံပညာအထက်တန်းအဆင့်တွင် ပညာသင်ကြားနေသော ကျောင်းသား၊ ကျောင်းသူတစ်ဦး လျှင်ငွေကျပ် တစ်သိန်းနှုန်း၊ အခြေခံ ပညာအလယ်တန်းအဆင့်တွင် ပညာသင်ကြားနေသော ကျောင်းသား၊ ကျောင်းသူ တစ်ဦးလျှင် ငွေကျပ် (၈၀၀၀၀)နှုန်း၊ အခြေခံပညာ မူလတန်းအဆင့်တွင် ပညာသင်ကြားနေသော ကျောင်းသား၊ ကျောင်းသူ တစ်ဦးလျှင် ငွေကျပ် (၆၀၀၀၀)နှုန်းဖြင့် စုစုပေါင်း (၁၄၁)ဦးအတွက် ပညာသင်ထောက်ပံ့ကြေးငွေ စုစုပေါင်း ငွေကျပ်(၁၅၅၀၀၀၀၀)နှင့် သင်ထောက်ကူပစ္စည်းများဖြစ်သည့် ကျောင်းသုံး ဗလာစာအုပ်များကို တစ်ဦးလျှင် တစ်ဒါဇင်နှုန်းဖြင့် စုစုပေါင်း (၁၄၁)ဦးအတွက် ငွေကျပ် (၁၆၉၂၀၀၀)တန်ဖိုးရှိ ကျောင်းသုံးဗလာစာအုပ်များကိုလည်းကောင်း၊ အခြေခံပညာ ထက်၊ လယ်၊ မူအဆင့် ကျောင်းသား၊ ကျောင်းသူ (၉၇)ဦးအတွက် စုစုပေါင်း ငွေကျပ် သိန်း (၂၀) တန်ဖိုးရှိ ကျောင်းစိမ်း ဝတ်စုံများကို လည်းကောင်း ထောက်ပံ့ပေးအပ်ခဲ့ရာ ထောက်ပံ့မှုများအနေဖြင့် စုစုပေါင်း ငွေကျပ် (၁၉၂၉၂၀၀၀)ရှိကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**












သတင်း-စာမျက်နှာ ၈





















## ၂၀၂၅ ခုနှစ် မိုးရာသီအကြို စုပေါင်းသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

**မိုးညှင်း မေ ၃၁**

ကချင်ပြည်နယ်၊မိုးညှင်းခရိုင်၊ မိုးညှင်းမြို့တွင် မြို့နယ်သစ်တောဦးစီးဌာန၏ အစီအစဉ်ဖြင့် ၂၀၂၅ ခုနှစ် မိုးရာသီအကြို စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက် ၈ နာရီက စုပေါင်းရုံးအနီး ကွင်းပြင်၌ ကျင်းပသည်။



အဆိုပါသစ်ပင်စိုက်ပျိုးပွဲကို ဒေသပတ်ဝန်းကျင် စိမ်းလန်းစိုပြည်စေရန်၊ သစ်တောပြုန်းတီးခြင်းမှ ကာကွယ်စေရန်၊ အပူချိန်လျှော့ချနိုင်စေရန်နှင့် လေကောင်းလေသန့်ရရှိစေရန် စသည့် ရည်ရွယ်ချက်များဖြင့် မြို့နယ်သစ်တောဦးစီးဌာနမှ နှစ်စဉ်ကျင်းပလျက်ရှိရာ အမြင့်နှစ်ပေ အထက်ရှိသော အရိပ်ရနှစ်ရှည်အပင်များဖြစ်သည့် ကံ့ကော်ပင် ၂၃၀ပင်၊ ခရေပင် ၂၃၀ပင်၊ ပျဉ်းမပင် ၂၃၀ ၊ ပိတောက်ပင် ၂၄၀ ပင်၊ ယင်းမာပင် ၁၀ ပင်၊ ကျွန်းပင် ၁၀ ပင်၊ ပျဉ်းကတိုးပင် ၁၀ပင်၊ ယမနေပင် ၁၀ပင်၊ မျောက်ငိုပင် ၁၀ပင်၊ မဟော်ဂနီပင် ၁၀ ပင်နှင့် မန်ဂျန်ရှားပင် ၁၀ပင်၊ စုစုပေါင်းပျိုးပင် ၁၀၀၀တို့ကို တက်ရောက်လာကြသည့် ခရိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ မြို့နယ်သစ်တောဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇော်ကိုကိုဝင်းနှင့်ဝန်ထမ်းများ၊ မိုးညှင်းတက္ကသိုလ်မှ ခေတ္တပါမောက္ခချုပ် ဒေါက်တာနိုင်နိုင်လတ်နှင့် ပါမောက္ခ(ဌာနမှူး)များ၊ ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာဝန်ထမ်းများနှင့် ပြည်သူများက သတ်မှတ်နေရာများတွင် အသီးသီး စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

(ဝဲပုံ)

ရွှေမိုးညှင်း

**သစ်တောသစ်ပင်**
**ချစ်ခင်တဲ့လူမျိုး**
**သစ်ပင်ကို နှစ်စဉ်စိုက် ရွှေတိုက်ကိုစီး။**

# ရုရှားသမ္မတ ဗလာဒီမာပူတင်နှင့် ဂျပန်ဝန်ကြီးချုပ်ဟောင်း ရှင်ဇိုအာဘေး၏ဇနီး အာဘေးအာခီတို့ ကရင်မလင်နန်းတော်၌ တွေ့ဆုံ



**မော်စကို မေ ၃၁**

ရုရှားသမ္မတ ဗလာဒီမာပူတင်သည် ဂျပန်ဝန်ကြီးချုပ်ဟောင်း ရှင်ဇိုအာဘေး၏ဇနီး အာဘေးအာခီနှင့် မော်စကိုမြို့တော်ရှိ ကရင်မလင်နန်းတော်၌ မေ ၂၉ ရက်တွင် တွေ့ဆုံသည်။

၂၀၁၆ ခုနှစ်တွင် သမ္မတ ပူတင်သည် ဂျပန်နိုင်ငံသို့ ထိပ်သီးအစည်းအဝေးပွဲတက်ရောက်စဉ် ဝန်ကြီးချုပ်ဟောင်းရှင်ဇိုအာဘေးနှင့် ဇနီး အာဘေးအာခီတို့သည် ဂျပန်နိုင်ငံအနောက်ပိုင်းရှိ ယာမာဂူချိစီရင်စုသို့ သမ္မတ ပူတင်နှင့်အတူ သွားရောက်လည်ပတ်ခဲ့ကြောင်း သိရသည်။ အဆိုပါစီရင်စုသည် ဝန်ကြီးချုပ်ဟောင်းရှင်ဇိုအာဘေး၏ ဇာတိမဲဆန္ဒနယ်ဖြစ်သည်။

ရုရှားနိုင်ငံသည် ဂျပန်နိုင်ငံအတွက် အလွန်အရေးကြီးသော အိမ်နီးချင်းနိုင်ငံတစ်ခုဖြစ်ကြောင်းနှင့် နှစ်နိုင်ငံအကြား ယဉ်ကျေးမှုဖလှယ်မှုများ ဖွံ့ဖြိုးတိုးတက်လျက်ရှိသည့်အတွက် ဝမ်းသာပျော်ရွှင်မိပါကြောင်း အာဘေးအာခီက သမ္မတ ပူတင်နှင့် တွေ့ဆုံစဉ် ပြောကြားသည်။

ရုရှား-ဂျပန် ပူးပေါင်းဆောင်ရွက်မှု ဖွံ့ဖြိုးတိုးတက်ရေးတွင် ဝန်ကြီးချုပ်ဟောင်း ရှင်ဇိုအာဘေး၏ ပံ့ပိုးကူညီမှုကို ရုရှားက အမှတ်ရကြောင်း ပူတင်က ပြန်လည်ပြောကြားသည်။

တွေ့ဆုံပွဲအပြီးတွင် ပူတင်သည် မော်စကိုရှိ Bolshoi ပြဇာတ်ရုံသို့ အာဘေးအာခီအား ခေါ်ဆောင်ရန် ၎င်း၏ဇိမ်ခံကားဖြစ်သည့် Aurus Senat ကို စီစဉ်ပေးခဲ့သည်။

အာဘေးအာခီသည် အမေရိကန်ရွေးကောက်ခံ သမ္မတ ဒေါ်နယ်ထရမ့်အား ၎င်းသမ္မတရာထူး မထမ်းဆောင်မီ ပြီးခဲ့သည့် ၂၀၂၄ ခုနှစ် ဒီဇင်ဘာလတွင် တွေ့ဆုံခဲ့သည်။

အဆိုပါတွေ့ဆုံပွဲပြီးနောက် အာဘေးအာခီသည် အခြားနိုင်ငံများနှင့် ပေါင်းကူးတံတားအဖြစ် ဆောင်ရွက်လိုကြောင်း သူ၏မိန့်ခွန်းတွင် ထည့်သွင်းပြောကြားခဲ့သည်။

ကိုးကား - အင်န်အိတ်ချ်ကေ

ဘာသာပြန် - အောင်ကျော်ကျော်

# လိုက်ဘေးရီးယားသမ္မတကို တင်ဆောင်လာသည့် ပုဂ္ဂလိကလေယာဉ်ဆင်းသက်စဉ် မတော်တဆထိခိုက်မှု ဖြစ်ပွားခဲ့သည်ဟု ဆို



**မွန်ရိုးဗီးယား မေ ၃၁**

လိုက်ဘေးရီးယားသမ္မတ ဂျိုးဇက်ဘိုအာကိုင်အား တင်ဆောင်လာသည့် ပုဂ္ဂလိကလေယာဉ် ဆင်းသက်စဉ် မတော်တဆထိခိုက်မှုဖြစ်ပွားခဲ့ပြီးနောက် လိုက်ဘေးရီးယားနိုင်ငံ၏ အဓိကလေဆိပ်တွင် လေယာဉ်များ ယာယီရပ်ဆိုင်းခဲ့ရကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

သမ္မတလေယာဉ်ဆင်းသက်သည့် ကိရိယာအစိတ်အပိုင်း ပျက်စီးမှုကြောင့် လေယာဉ်ဆင်းသက်မှု မသက်မသာဖြစ်ခဲ့သည်ဟု လေဆိပ်အာဏာပိုင်များက ပြောကြားသည်။ ဒေသခံမီဒီယာများ အဆိုအရ ဤဖြစ်ရပ်ကြောင့် လေဆိပ်တွင် ကြောက်လန့်မှုဖြစ်ပေါ်ခဲ့ပြီး ညအတွက်စီစဉ်ထားသည့် လေယာဉ်များအားလုံး ပယ်ဖျက်ခဲ့ရသည်။

နိုင်ဂျီးရီးယားမှ ခရီးစဉ်ပြန်လည်ရောက်ရှိလာသည့် သမ္မတနှင့်အတူပါလာသူများအားလုံးကို ဘေးကင်းစွာ ပို့ဆောင်နိုင်ခဲ့ပြီး အာဏာပိုင်များက စုံစမ်းစစ်ဆေးမှု ပြုလုပ်မည်ဟု ကြေညာခဲ့ကြောင်း သိရသည်။

Mon

# ပါကစ္စတန်နိုင်ငံတွင် အပူလှိုင်းကျရောက်ပြီးနောက် မုန်တိုင်းများ ဆက်လက်တိုက်ခတ်၊ လူ ၃၂ ဦးသေဆုံး

**အစ္စလာမ္မာဘတ် မေ ၃၁**

ပါကစ္စတန်နိုင်ငံတွင် အပူလှိုင်းကျရောက်ပြီးနောက် တစ်ပတ်ကြာမုန်တိုင်းများ ဆက်လက်တိုက်ခိုက်ရာ မကြာသေးမီက လူ ၃၂ ဦးသေဆုံးပြီး ၁၅၀ ကျော်ဒဏ်ရာရရှိခဲ့ကြောင်း စီအင်န်အိုင်သတင်းဌာနက ဖော်ပြသည်။

မြောက်ပိုင်း ခိုင်ဘာပက်ခ်တွန်ခွာပြည်နယ်ရှိ ခရိုင်အသီးသီးတွင် မိုးသည်းထန်စွာရွာသွန်းမှုနှင့် လေပြင်းတိုက်ခတ်မှုကြောင့် ကလေးတစ်ဦးအပါအဝင် ငါးဦး သေဆုံးခဲ့ကြောင်း ပြည်နယ်ဘေးအန္တရာယ်စီမံခန့်ခွဲမှုအာဏာပိုင်များက အတည်ပြုသည်။

ပါကစ္စတန်၏ မြောက်ပိုင်းနှင့် အလယ်ပိုင်းတွင် မုန်တိုင်းထန်သော ရာသီဥတုဆက်လက်ဖြစ်ပေါ်နိုင်ကြောင်း အစိုးရမိုးလေဝသဌာနက ခန့်မှန်းထားသည်။ ရာသီဥတုပြောင်းလဲမှုဒဏ်ကို အထိခိုက်ဆုံးနိုင်ငံများထဲမှ တစ်ခုဖြစ်ပြီး ကြမ်းတမ်းသောရာသီဥတုဖြစ်စဉ်များ ပိုမိုမကြာခဏကြုံတွေ့နေရသည့် ပါကစ္စတန်တွင် အပြီးသတ်လေပြင်းမုန်တိုင်းများကြောင့် ယခင်အပတ်က ၁၀ ဦး၊ ယခင်အပတ်နှောင်းပိုင်းက ၁၄ ဦး သေဆုံးခဲ့သည်။

ဆင်းဒ်ပြည်နယ် ဟိုင်ဒရာဘတ်မြို့တွင် ကလေးသုံးဦး သေဆုံးခဲ့သည်ဟု အကြီးတန်းအရာရှိတစ်ဦးက ပြောကြားကြောင်း သိရသည်။

Mon

# မူးယစ်ဆေးဝါး စစ်ဆေးရေးလုပ်ငန်းများ ဆောင်ရွက်စဉ် မေလအတွင်း ဟီးရိုးအင်း ၃ ဒသမ ၆ ကီလိုဂရမ်ခန့် သိမ်းဆည်းရမိ

**စင်ကာပူ မေ ၃၁**

မေလအတွင်း စင်ကာပူနိုင်ငံတစ်ဝန်းတွင် မူးယစ်ဆေးဝါးစစ်ဆေးရေးလုပ်ငန်းများ ဆောင်ရွက်စဉ် ဟီးရိုးအင်း ၃ ဒသမ ၆ ကီလိုဂရမ်ခန့် သိမ်းဆည်းရမိပြီး လူ ၁၃၉ ဦးကို ဖမ်းဆီးနိုင်ခဲ့ကြောင်း စီအင်န်အိုင်သတင်းဌာနက ဖော်ပြသည်။

ဖမ်းဆီးခံရသူ ၁၃၉ ဦး အနက် အသက်အငယ်ဆုံးမှာ မူးယစ်ဆေးသုံးစွဲသည်ဟု သံသယရှိသည့် အသက် ၁၄ နှစ်အရွယ် ကျောင်းသားတစ်ဦးဖြစ်သည်။

မူးယစ်ဆေးဝါးတိုက်ဖျက်ရေး အရာရှိများသည် မေ ၁၈ ရက်မှ ၃၀ ရက်အထိ အန်မိုကီယို၊ ဗွန်ကင်း၊ ဘူကစ်မယ်ရာ၊ ဂျူရောင်နှင့် ဆင်းကမ်း စသည့်နေရာများတွင် စစ်ဆေးရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။ အဆိုပါစစ်ဆေးရေး စီမံချက်များအတွင်း စင်ကာပူဒေါ်လာ ၆၂၆,၇၀၀ (အမေရိကန်ဒေါ်လာ ၄၈၆,၀၀၀) ကျော်တန်ဖိုးရှိ မူးယစ်ဆေးဝါးများကို သိမ်းဆည်းရမိခဲ့သည်။

ထို့ပြင် ရဲအရာရှိများသည် ကင်နာဘစ်တွင် တွေ့ရှိရသည့် တက်ထရာဟိုက်ဒရိုကင်နာဘီနွိုင်း ပါဝင်သည်ဟု သံသယရှိသည့် အီးစီးကရက်ကိရိယာ ၄၉ ခုကိုလည်း ဖော်ထုတ်နိုင်ခဲ့ကြောင်း သိရသည်။

Mon

# INTERNATIONAL NEWS
## နိုင်ငံတကာသတင်းများ

# ဂါဇာကမ်းမြောင်ရှိ ဒေသခံများအတွက် တုံ့ပြန်မှုမရှိပါက အစ္စရေးနိုင်ငံသားများအပေါ် အရေးယူပိတ်ဆို့မှုများ ကျင့်သုံးနိုင်



**ပဲရစ် မေ ၃၁**

ဂါဇာကမ်းမြောင်ရှိ ဒေသခံများအတွက် လူသားချင်းစာနာထောက်ထားမှု အကျပ်အတည်းကို အစ္စရေးအစိုးရအနေဖြင့် တုံ့ပြန်မှုမရှိပါက ပြင်သစ်နိုင်ငံဘက်မှ အစ္စရေးနိုင်ငံသားများအပေါ် အရေးယူပိတ်ဆို့မှုများ ကျင့်သုံးနိုင်သည်ဟု ပြင်သစ်သမ္မတ အီမန်နျူယယ်မာခရွန် ယမန်နေ့က သတိပေးလိုက်ကြောင်း စီအင်န်အိုင်သတင်းဌာနက ဖော်ပြသည်။

မေ ၃၀ ရက်က စင်ကာပူနိုင်ငံသို့ အလည်အပတ်ရောက်ရှိနေစဉ်အတွင်း ဂါဇာရှိ ပါလက်စတိုင်းလူမျိုးများ ဆာလောင်မွတ်သိပ်မှု အကျပ်အတည်းနှင့် ရင်ဆိုင်နေရချိန်တွင် အပြည့်အဝ အသိုင်းအဝိုင်းအနေဖြင့် လက်ပိုက်ကြည့်နေလို့ မရကြောင်း မက်ခရွန်က ဝေဖန်ပြောကြားခဲ့သည်။ ပါလက်စတိုင်းနယ်မြေကို ပိတ်ဆို့ထားသည့် အစ္စရေးအပေါ် နိုင်ငံတကာ၏ ဖိအားများ ပိုမိုမြင့်တက်လာလျက်ရှိသည့်အပြင် အငတ်ဘေးအန္တရာယ်နှင့်ပတ်သက်၍ ထောက်ပံ့ကူညီရေးအဖွဲ့အစည်းများကလည်း သတိပေးနေကြသည်။

"လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ပိတ်ဆို့မှုများက မြေပြင်အခြေအနေကို မခိုင်မာသော အခြေအနေသို့ ရောက်ရှိနေစေသည်"ဟု စင်ကာပူဝန်ကြီးချုပ် လောရန့်စ်ဝေါင်းနှင့် ပူးတွဲကျင်းပသည့် သတင်းစာရှင်းလင်းပွဲတွင် ပြင်သစ်သမ္မတ မာခရွန်က ပြောကြားခဲ့ကြောင်း သိရသည်။

Mon

# စင်ကာပူနိုင်ငံ ယူဘီ ၁ လမ်းရှိ အများပိုင်အိမ်ရာတစ်ခုတွင် မီးလောင်မှုဖြစ်ပွား၊ ပေါက်ကွဲမှုတစ်ခုဖြစ်၊ လူအချို့ကို ရွှေ့ပြောင်းပေး

**စင်ကာပူ မေ ၃၁**

စင်ကာပူနိုင်ငံ ယူဘီ ၁ လမ်းရှိ အများပိုင်အိမ်ရာတစ်ခုတွင် မီးလောင်မှုဖြစ်ပွားပြီး ပေါက်ကွဲမှုတစ်ခုဖြစ်သည်ဟု လူအချို့က တိုင်ကြားခဲ့ရာမှ မေ ၃၀ ရက် ညနေက လူအချို့ကို ရွှေ့ပြောင်းခဲ့ရကြောင်း စီအင်န်အိုင်သတင်းဌာနက ဖော်ပြသည်။

ထိုမီးလောင်မှုသည် ယူဘီ ၁လမ်း အကွက် ၃၀၁ တွင် ဖြစ်ပွားခဲ့ပြီး လုံခြုံရေးအရ နေထိုင်သူများကို သက်ဆိုင်ရာက ဖယ်ရှားခဲ့သည်။ ပထမထပ်ရှိ ကော်ဖီဆိုင်တစ်ဆိုင်အတွင်းရှိ မီးဖိုချောင်ထဲ၌ မီးလောင်မှုဖြစ်ပွားကြောင်း နေ့လယ် ၁၁ နာရီ ၃၅ မိနစ်တွင် စင်ကာပူအရပ်ဘက် ကာကွယ်ရေးတပ်ဖွဲ့က အကြောင်းကြားချက် ရရှိခဲ့သည်။

မီးသတ်တပ်ဖွဲ့က ရေပန်း နှစ်ခုဖြင့် မီးကို ငြိမ်းသတ်ခဲ့ပြီး အခြားဆိုင်ငယ်များလည်း အပူနှင့် မီးခိုးဒဏ်ကြောင့် ပျက်စီးမှုရှိခဲ့သည်။

အခင်းဖြစ်ပြီးနောက် မီးခိုးရှူမိသူတစ်ဦးကို ဆေးစစ်ပြီး ဆေးရုံသို့ ပို့ဆောင်ခဲ့ကြောင်း သိရသည်။

Mon

# နိုင်ငံတကာ အားကစား သတင်းများ

## နည်းပြ အယ်လီဂရီအား နည်းပြသစ်အဖြစ် အေစီမီလန်အသင်း ခန့်အပ်

**မီလန် မေ ၃၁**

အေစီမီလန်အသင်းသည် အသင်းနည်းပြသစ်အဖြစ် အယ်လီဂရီအား ခန့်အပ်ခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ နည်းပြသည် အေစီမီလန်အသင်းနှင့်အတူ နှစ်နှစ်သက်တမ်းရှိ စာချုပ်တစ်ရပ်ချုပ်ဆိုခဲ့သည်။ **(အောက်ယာပုံ)**

နည်းပြ အယ်လီဂရီသည် အသင်းကို လာမည့် ဘောလုံးရာသီသစ်တွင် အောင်မြင်မှုများရရှိအောင် စွမ်းဆောင်ပေးနိုင်လိမ့်မည်ဟု ယုံကြည်ခြင်းကြောင့် အေစီမီလန်အသင်းက နည်းပြသစ်အဖြစ် ခန့်အပ်ခဲ့ခြင်းဖြစ်သည်။

အသက်(၅၇)နှစ်အရွယ်ရှိ နည်းပြ အယ်လီဂရီက 'အေစီမီလန်အသင်းနည်းပြသစ်အဖြစ် ခန့်အပ်ခြင်းခံရလို့ အတိုင်းမသိ ပျော်ရွှင်မိပါတယ်။ ကျွန်တော့်ကို ယုံကြည်စွာနဲ့ တာဝန်ပေးအပ်ခဲ့တဲ့ အသင်းတာဝန်ရှိသူအားလုံးကို အထူးကျေးဇူးတင်ပါတယ်။ အေစီမီလန်အသင်းအောင်မြင်တိုးတက်ဖို့ အစွမ်းကုန်ကြိုးစားသွားမှာပါ'ဟု ပြောသည်။

**(NGB)**



## အလက်ဇန္ဒားအာနိုးလ်အား ရီးရဲလ်မက်ဒရစ်အသင်း ခေါ်ယူ

**မက်ဒရစ် မေ ၃၁**

ရီးရဲလ်မက်ဒရစ်အသင်းသည် လီဗာပူးအသင်း နောက်ခံကစားသမား အလက်ဇန္ဒားအာနိုးလ်အား ခေါ်ယူခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ နောက်ခံကစားသမားသည် ရီးရဲလ်မက်ဒရစ်အသင်းနှင့်အတူ ၂၀၃၁ခုနှစ်အထိနှင့် စာချုပ်ဖျက်သိမ်းကြေး ၁၁ဘီလီယံအထိ ထည့်သွင်းကာ စာချုပ် ချုပ်ဆိုခဲ့သည်။

နောက်ခံကစားသမား အလက်ဇန္ဒားအာနိုးလ်သည် လီဗာပူးအသင်းနှင့်အတူ ၂၀၁၆-၂၀၁၇မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၃၅၄ပွဲကစားပြီး ၂၃ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ရီးရဲလ်မက်ဒရစ်အသင်းက ခေါ်ယူခဲ့ခြင်းဖြစ်သည်။

အသက်(၂၆)နှစ်အရွယ်ရှိ နောက်ခံကစားသမား အလက်ဇန္ဒားအာနိုးလ်အနေဖြင့် ရီးရဲလ်မက်ဒရစ်အသင်းနှင့်အတူ လာမည့် ဇူလိုင် ၁၉ရက်တွင်ယှဉ်ပြိုင်ကစားမည့် အယ်လ်ဟီလေအသင်းနှင့် ကလပ်ကမ္ဘာ့ဖလားပွဲစဉ်ကို ဝင်ရောက်ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။ **(အောက်ပုံ)(NGB)**



## ကွန်ဖရန့်လိဂ်ပြိုင်ပွဲ၏ အကောင်းဆုံးကစားသမားအဖြစ် အစ္စကို ရွေးချယ်သတ်မှတ်ခြင်းခံရ

**လန်ဒန် မေ ၃၁**

၂၀၂၄-၂၀၂၅ ဘောလုံးရာသီ ကွန်ဖရန့်လိဂ် ပြိုင်ပွဲ၏ အကောင်းဆုံးကစားသမားအဖြစ် ဘက်တစ်အသင်း ကွင်းလယ်ကစားသမား အစ္စကို ရွေးချယ်သတ်မှတ်ခြင်းခံခဲ့ရသည်။

အဆိုပါ ကွင်းလယ်ကစားသမားသည် ကွန်ဖရန့်လိဂ်ပြိုင်ပွဲတွင် ဘက်တစ်အသင်းနှင့်အတူ ပြိုင်ပွဲ ကိုးပွဲကစားကာ နှစ်ဂိုးသွင်း၊ ဂိုးဖန်တီးမှု သုံးကြိမ်ပြုလုပ်ကာ အကောင်းဆုံးခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ယခုလို သတ်မှတ်ခြင်းခံခဲ့ရသည်။

ထို့ပြင် ကွင်းလယ်ကစားသမား အစ္စကိုသည် ယခုနှစ်ဘောလုံးရာသီတွင်လည်း ဘက်တစ်အသင်းနှင့်အတူ ပြိုင်ပွဲစုံ ၃၃ပွဲကစားပြီး ၁၂ဂိုး သွင်းယူကာ ခြေစွမ်းပြထားသည်။




အသက်(၃၃)နှစ်အရွယ်ရှိ အစ္စကိုက 'အခုလို အကောင်းဆုံးကစားသမားအဖြစ် ရွေးချယ်သတ်မှတ်ခြင်းခံခဲ့ရလို့ အတိုင်းမသိပျော်ရွှင်မိပါတယ်။ နောက်ထပ်လည်း မှတ်တမ်းကောင်းတွေ ရရှိအောင် ကြိုးစားသွားမှာပါ'ဟု ပြောသည်။ **(ဝဲပုံ)**

**(NGB)**

## ချဲလ်ဆီးအသင်းနှင့်ပွဲစဉ်မှ အသင်းပရိသတ်များ၏ လုပ်ရပ်ကြောင့် ဝက်စ်ဟမ်းအသင်း ဒဏ်ငွေပြစ်ဒဏ်ချမှတ်ခြင်းခံရ

**လန်ဒန် မေ ၃၁**

ဝက်စ်ဟမ်းအသင်းပရိသတ်များသည် ချဲလ်ဆီးအသင်းနှင့် ပွဲစဉ်တွင် ပွဲကြည့်စင်အတွင်းမှ လိင်ခွဲခြားသံပြိုင်အော်ဟစ်ခဲ့ကြရာ အဆိုပါဖြစ်စဉ်အတွက် အင်္ဂလန်ဘောလုံးအဖွဲ့ချုပ် အက်ဖ်အေမှ ဝက်စ်ဟမ်းအသင်းအားဒဏ်ငွေ စတာလင်ပေါင် ၁၂၀၀၀၀ ထိ ပြစ်ဒဏ်ချမှတ်ခဲ့သည်။

ပရီးမီးယားလိဂ်ပွဲစဉ်အဖြစ် ဝက်စ်ဟမ်းအသင်းက ချဲလ်ဆီးအသင်းအား နှစ်ဂိုး၊ တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည့်ပွဲစဉ်တွင် အသင်းပရိသတ်များ၏ အပြုအမူကြောင့် ယခုလို ဒဏ်ရိုက်ခံခဲ့ရခြင်း ဖြစ်သည်။

အင်္ဂလန်ဘောလုံးအဖွဲ့ချုပ် အက်ဖ်အေက 'ဝက်စ်ဟမ်းအသင်းအား ဒဏ်ငွေပြစ်ဒဏ်ချမှတ်ခဲ့ပါတယ်။ နောက်နောင် အသင်းပရိသတ်များကို ထိန်းသိမ်းခြင်းပြုလုပ်ရန်လည်း ဝက်စ်ဟမ်းအသင်းကို ညွှန်ကြားခဲ့ပါတယ်'ဟု ထုတ်ပြန်သည်။

**(အောက်ပုံ) (NGB)**




## ဂါနာချိုအား ခေါ်ယူရန် အက်စတွန်ဗီလာအသင်း စီစဉ်

**လန်ဒန် မေ ၃၁**

အက်စတွန်ဗီလာအသင်းသည် မန်ချက်စတာယူနိုက်တက်အသင်း တောင်ပံကစားသမား ဂါနာချိုအား ခေါ်ယူရန် စီစဉ်လျက်ရှိသည်။

အသက်(၂၀)နှစ်အရွယ်ရှိ တောင်ပံကစားသမားသည် မန်ချက်စတာယူနိုက်တက်အသင်းနှင့်အတူ ၂၀၂၁-၂၀၂၂မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၄၄ပွဲကစားပြီး ၂၆ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် အက်စတွန်ဗီလာအသင်းက ခေါ်ယူရန် စီစဉ်လာခြင်းဖြစ်သည်။



မန်ချက်စတာယူနိုက်တက်အသင်းကလည်း ဂါနာချိုအတွက် သင့်တင့်သည့် ပြောင်းရွှေ့ဈေးနှုန်းရရှိပါက ရောင်းချသွားဖွယ်ရှိသည်။

ထို့ကြောင့် အက်စတွန်ဗီလာအသင်းအနေဖြင့် မန်ချက်စတာယူနိုက်တက်အသင်းထံမှ ဂါနာချိုအား ခေါ်ယူသွားနိုင်မည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။ **(အပေါ်ပုံ)**

**(NGB)**

## ဝါရင့်ကစားသမား ဟန်ဒါဆန်အား ခေါ်ယူရန် ပရီးမီးယားလိဂ်တန်းတက်ကလပ် ဆန်းဒါးလန်းအသင်း စိတ်ဝင်စား

**လန်ဒန် မေ ၃၁**

ပရီးမီးယားလိဂ်တန်းတက်ကလပ် ဆန်းဒါးလန်းအသင်းသည် လာမည့် ဘောလုံးရာသီအတွက် ကြိုတင်ပြင်ဆင်မှုအနေဖြင့် အေဂျက်စ်အသင်း ဝါရင့်ကွင်းလယ်ကစားသမား ဟန်ဒါဆန်ကို ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိသည်။

အသက်(၃၄)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမားသည် အသက်အရွယ်ပိုင်းအားဖြင့် ရှိရှိပြီဖြစ်သော်လည်း ခြေစွမ်းပိုင်းကျဆင်းခြင်းမရှိသေးဘဲ အေဂျက်စ်အသင်းနှင့်အတူ ယခုနှစ်ဘောလုံးရာသီတွင် ပြိုင်ပွဲစုံ ၄၅ပွဲကစားပြီး တစ်ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ဆန်းဒါးလန်းအသင်းက ခေါ်ယူရန် စိတ်ဝင်စားလာခြင်းဖြစ်သည်။

ကွင်းလယ်ကစားသမား ဟန်ဒါဆန်ကိုယ်တိုင်ကလည်း ပရီးမီးယားလိဂ်သို့ ပြန်လည်လာရောက်ကစားလိုသဖြင့် ဆန်းဒါးလန်းအသင်း၏ ကမ်းလှမ်းလာမှုကို လက်ခံစဉ်းစားသွားဖွယ်ရှိသည်။

ထို့ကြောင့် ဆန်းဒါးလန်းအသင်းအနေဖြင့် နွေရာသီဈေးကွက်အတွင်းတွင် ဟန်ဒါဆန်အား ခေါ်ယူသွားနိုင်မည်လားဆိုသည်မှာ စောင့်ကြည့်ရမည်ဖြစ်သည်။ **(အောက်ပုံ)**

**(NGB)**



## 2025 Roland Garros တင်းနစ်ပြိုင်ပွဲ စတုတ္ထအဆင့်သို့ Iga Swiatek တက်ရောက်

**ပဲရစ် မေ ၃၁**

ပြင်သစ်နိုင်ငံ၊ ပဲရစ်မြို့တွင် ကျင်းပလျက်ရှိသော အမျိုးသမီးတင်းနစ်ပြိုင်ပွဲဖြစ်သည့် 2025 Roland Garros တင်းနစ်ပြိုင်ပွဲ စတုတ္ထအဆင့်သို့ ပိုလန်တင်းနစ်မယ် Iga Swiatek တက်ရောက်ခဲ့သည်။



အဆိုပါ ပိုလန်တင်းနစ်မယ် Iga Swiatek သည် 2025 Roland Garros တင်းနစ်ပြိုင်ပွဲ တတိယအဆင့်တွင် ရိုမေးနီးယားတင်းနစ်မယ် Jaqueline Cristian အား ၆-၂၊ ၇-၅ဖြင့် အနိုင်ရရှိကာ စတုတ္ထအဆင့်သို့ တက်ရောက်ခဲ့ခြင်း ဖြစ်သည်။

2025 Roland Garros တင်းနစ်ပြိုင်ပွဲ စတုတ္ထအဆင့်တွင် ပိုလန်တင်းနစ်မယ် Iga Swiatek နှင့် ကာဇက်စတန် တင်းနစ်မယ် Elena Rybakina တို့ ယှဉ်ပြိုင်ကစားသွားမည် ဖြစ်သည်။

**(အပေါ်ပုံ)**

**(NGB)**



## မာကွင်ဟိုစ့်အား ခရူဇီယိုအသင်း အပြီးသတ်ခေါ်ယူ

**လန်ဒန် မေ ၃၁**

ဘရာဇီးကလပ် ခရူဇီယိုအသင်းသည် အာဆင်နယ်အသင်းမှ အငှားဖြင့် ခေါ်ယူထားသည့် တောင်ပံကစားသမား မာကွင်ဟိုစ့်ကို အပြီးသတ်ခေါ်ယူခဲ့ကြောင်း အတည်ပြု ထုတ်ပြန်ကြေညာခဲ့သည်။

အသက်(၂၂)နှစ်အရွယ်ရှိ တောင်ပံကစားသမားသည် ၂၀၂၅ ခုနှစ်အတွင်း အာဆင်နယ်အသင်းမှ ခရူဇီယိုအသင်းသို့ အငှားဖြင့်လာရောက်ကစားပြီး ပြိုင်ပွဲစုံ ရှစ်ပွဲကစားကာ အကောင်းဆုံးခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် အပြီးသတ်ခေါ်ယူခဲ့ခြင်းဖြစ်သည်။

ခရူဇီယိုအသင်းထုတ်ပြန်ချက်တွင် 'မာကွင်ဟိုစ့်ကို အပြီးသတ်ခေါ်ယူခဲ့ပါပြီ။ သူ့အနေနဲ့လည်း အသင်းကို အောင်မြင်မှုတွေရရှိအောင် စွမ်းဆောင်ပေးနိုင်လိမ့်မယ်လို့ ယုံကြည်ပါတယ်'ဟု ထုတ်ပြန်သည်။

**(ဝဲပုံ)**

**(NGB)**






# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင် ၂၀၂၅ ခုနှစ် အစိုးရဓမ္မာစရိယနှင့် ပထမပြန်စာမေးပွဲများကျင်းပမည့် စာဖြေဌာနများ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားမှုများနှင့် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှုများကို သွားရောက်ကြည့်ရှု

**မန္တလေး မေ ၃၁**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများလိုက်ပါပြီး ယနေ့နံနက်ပိုင်းက ၂၀၂၅ ခုနှစ်၊ အစိုးရဓမ္မာစရိယနှင့် ပထမပြန်စာမေးပွဲ ကျင်းပမည့် စာဖြေဌာနများ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားမှုများနှင့် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့သည်။

အဆိုပါ စာဖြေဌာနများကို ကြည့်ရှုစစ်ဆေးရာ၌ ချမ်းအေးသာစံမြို့နယ်ရှိ မဟာလောကရံသီ အိမ်တော်ရာစေတီတော်မြတ်ကြီး ပရိဝုဏ်အတွင်း ရတနာဃရ(၁၄) ခန်းဓမ္မဗိမာန်တော်ကြီး၌လည်းကောင်း၊ မဟာအောင်မြေမြို့နယ်ရှိ အမှတ်(၂၄)အခြေခံပညာအထက်တန်းကျောင်းတွင် စာသင်ခန်းများ၌လည်းကောင်း၊ ချမ်းမြသာစည်မြို့နယ်ရှိ အမှတ်(၃၄)အခြေခံပညာအထက်တန်းကျောင်းတွင် စာသင်ခန်းများနှင့် မန္တလာသီရိ အားကစားကွင်းရှိ မိုးလုံလေလုံခန်းမတို့၌ လည်းကောင်း၊ ပြည်ကြီးတံခွန်မြို့နယ်ရှိ ပြည်ကြီးဂန္ဓာရုံ ဘ·က အထက်တန်းကျောင်း (ခွဲ)မဟာဂန္ဓာရုံတိုက်သစ်၊ (၃) ထပ်ဆောင်တွင် လည်းကောင်း၊ အောင်မြေသာစံမြို့နယ်ရှိ အရှေ့ခင်မကန်ကျောင်းတိုက်၊ ကထိန်တော်ကျောင်း မဟာဝိဇယာရာမ ခင်မကန်ဗိမာန်တော်တွင်လည်းကောင်း ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုများနှင့် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှုကို လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား စာဖြေဌာန အင်္ဂါရပ်နှင့်အညီ ဖြစ်စေရေး၊ အလင်းရောင်နှင့် လေဝင်လေထွက်ကောင်းမွန်စွာရရှိရေး၊ စာမေးပွဲကြီးကြပ်ဆရာတော်ကြီးများ စိတ်အေးချမ်းသာစွာဖြင့် သီတင်းသုံးကာ စာမေးပွဲဆိုင်ရာ ကိစ္စရပ်များ ချောမွေ့စွာ ဆောင်ရွက်နိုင်ရေးနှင့် စာဖြေသံဃာတော်များ စိတ်ချမ်းမြေ့စွာဖြင့် ဖြေဆိုနိုင်ရေးတို့ကို သက်ဆိုင်ရာဌာနများ အချင်းချင်းပေါင်းစပ်ညှိနှိုင်းကာ အလေးထားဆောင်ရွက်သွားရေးတို့ကို မှာကြားပြီး လိုအပ်သည်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့သည်။ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် အမှတ်(၃၄) အခြေခံပညာအထက်တန်းကျောင်းသို့ ရောက်ရှိစဉ် မန္တလေးငလျင်ကြီးကြောင့် ပြန်လည်ကျင်းပစစ်ဆေးသည့် တက္ကသိုလ်ဝင်စာမေးပွဲ၌ ဝင်ရောက်ဖြေဆိုမည့် ကျောင်းသား၊ ကျောင်းသူများအား သင်ခန်းစာများ ပို့ချပေးနေမှုများ ကြည့်ရှုကာ အားပေးစကားများ ပြောကြားပြီး တာဝန်ရှိသူများအား တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုကြသည့် ကျောင်းသား၊ ကျောင်းသူများ အခက်အခဲမရှိ ချောမွေ့စွာဖြင့် စာမေးပွဲပြီးဆုံးသည်အထိ ဖြေဆိုသွားနိုင်ရေး ဝိုင်းဝန်းဆောင်ရွက်သွားရန်တို့ကို မှာကြားပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

၎င်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ချမ်းမြသာစည်မြို့နယ်ရှိ တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးဌာန၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာန၊ ညွှန်ကြားရေးမှူးရုံးတွင် တိုင်းဒေသကြီးအတွင်းရှိ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်းအဖွဲ့များမှ တိုင်းရင်းသားလူမျိုးစုကိုယ်စားလှယ်များအား ရင်းနှီးစွာတွေ့ဆုံခဲ့ကြောင်းနှင့် တာဝန်ရှိသူများအား လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**

၀-၀-၀-၀-၀












သတင်း-စာမျက်နှာ ၁၂











# လူထုအခြေပြုဗဟိုဌာန၌ ခေါင်းလျှော်ရည်နှင့် ဆပ်ပြာအမျိုးမျိုး၊ လူသုံးကုန် ထုတ်လုပ်မှုနည်းပညာသင်တန်း ဖွင့်လှစ်

**ညောင်ဦး မေ ၃၁**

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ညောင်ဦးခရိုင်အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနနှင့် ညောင်ဦးခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်းဖွင့်လှစ်သည့် ခေါင်းလျှော်ရည်နှင့်ဆပ်ပြာအမျိုးမျိုး၊ လူသုံးကုန်ထုတ်လုပ်မှု နည်းပညာသင်တန်းဖွင့်ပွဲအခမ်းအနားကို ညောင်ဦးခရိုင်လူထုအခြေပြုဗဟိုဌာနတွင် မေ ၂၉ ရက် နံနက် ၁၀ နာရီက သင်တန်းဖွင့်ပွဲအခမ်းအနားကျင်းပသည်။

ခေါင်းလျှော်ရည်နှင့် ဆပ်ပြာအမျိုးမျိုး၊ လူသုံးကုန်ထုတ်လုပ်မှုနည်းပညာသင်တန်းတွင် ညောင်ဦးခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ရည်မွန်သူက ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနတို့ ပူးပေါင်းဖွင့်လှစ်သည့် ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။ ထို့နောက် ခေါင်းလျှော်ညောင်ဦးခရိုင်အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်သီတာထွန်းက သင်တန်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြခဲ့ပြီး ညောင်ဦးခရိုင်အတွင်း တစ်နိုင်တစ်ပိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းများပေါ်ထွန်းလာစေရန်အတွက် ဌာနအနေဖြင့် နည်းပညာ၊ အရင်းအနှီး၊ ဈေးကွက်ရရှိရေး ချိတ်ဆက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ လုပ်ငန်းများပေါ်ထွန်းလာပါက မှတ်ပုံတင်များလည်း ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။ ထို့နောက် ခေါင်းလျှော်ရည်နှင့် ဆပ်ပြာအမျိုးမျိုး၊ လူသုံးကုန်ထုတ်လုပ်မှုနည်းပညာသင်တန်းတွင် အသုံးပြုမည့် ပစ္စည်းများအား လက်တွေ့ရှင်းလင်းပြသပေးခြင်း၊ သင်တန်းသား၊ သင်တန်းသူများအား ခေါင်းလျှော်ရည်နှင့် ဆပ်ပြာအမျိုးမျိုးပြုလုပ်မည့်ပစ္စည်းများကို ပေးအပ်ကာ စုပေါင်းအမှတ်တရဓာတ်ပုံရိုက်ခဲ့သည်။ အဆိုပါ သင်တန်းကို မေ ၂၉ ရက်မှ ဇွန် ၂ ရက်အထိ ငါးရက်ကြာ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

(အောက်ပုံ)

(၄၈၁)

၀-၀-၀-၀-၀



# လူထုဖြန့်အစီအစဉ်ဖြင့် ပျိုးပင်ပေါင်း လေးသောင်း အခမဲ့ဖြန့်ဝေစိုက်ပျိုးသွားမည်

**ပွင့်ဖြူ မေ ၃၁**

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ ပွင့်ဖြူမြို့နယ်သစ်တောဦးစီးဌာနမှ ၂၀၂၅ ခုနှစ် မိုးရာသီတွင်ဒေသအတွင်း သဘာဝပတ်ဝန်းကျင်စိမ်းလန်းစိုပြည်စေရေး၊ သဘာဝတောများ ကောင်းမွန်စေရေးနှင့် သစ်တောပြုန်းတီးမှုကြောင့်ကြုံတွေ့ရသည့် သဘာဝဘေးအန္တရာယ်နှင့် ရာသီဥတုအပူဒဏ်ကာကွယ်နိုင်ရေးအတွက် လူထုဖြန့်အစီအစဉ်ဖြင့် ပျိုးပင်ပေါင်း လေးသောင်းကို အခမဲ့ဖြန့်ဝေစိုက်ပျိုးသွားမည်ဖြစ်ကြောင်း မြို့နယ်သစ်တောဦးစီးမှူး ဦးကျော်စွာမြင့်ဦးထံက သိရသည်။

ထိုသို့ လူထုဖြန့်အစီအစဉ်ဖြင့် အခမဲ့စိုက်ပျိုးခြင်းကို မြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများ၊ ဌာနဆိုင်ရာရုံးများ၊ အခြေခံပညာစာသင်ကျောင်းများ၊ တပ်ရင်းတပ်ဖွဲ့များနှင့် သာသနာ့နယ်မြေများအတွင်း ကျွန်း၊ မဲဇလီ၊ တမာ၊ ကုက္ကို၊ ယူကလစ်၊ မယ်ဇယ်၊ ဗာဒံ၊ စိန်ပန်းကြီး စသည့် အရိပ်ရပျိုးပင် လေးသောင်းကို ဖြန့်ဝေစိုက်ပျိုးသွားမည်ဖြစ်ကာ ပြည်သူများအနေဖြင့် မြို့နယ်သစ်တောဦးစီးဌာန မြို့မပျိုးဥယျာဉ်ခြံတွင် လာရောက်ထုတ်ယူစိုက်ပျိုးနိုင်သည်။

"ဒီနှစ် မိုးရာသီမှာ မြို့နယ်အတွင်း သဘာဝပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးအတွက် လူထုဖြန့်အစီအစဉ်ဖြင့် အခမဲ့ ဖြန့်ဝေစိုက်ပျိုးရန် ကျွန်း၊ မဲဇလီ၊ တမာ၊ မယ်ဇယ်၊ စိန်ပန်းကြီး၊ ကုက္ကို၊ ဗာဒံ၊ ယူကလစ်၊ စသည့် အရိပ်ရပျိုးပင် လေးသောင်းကို မြို့မပျိုးဥယျာဉ်ခြံမှာ ပြုစုပျိုးထောင်ထားရှိပြီး ဖြစ်ပါတယ်။ မြို့နယ်သစ်တောဦးစီးဌာနမှ နှစ်စဉ် အရိပ်ရပျိုးပင်များကို ပြုစုပျိုးထောင်ပြီး ဒေသအတွင်း စိမ်းလန်းစိုပြည်ရေးနဲ့ ရာသီဥတုကောင်းမွန်မျှတစေရန်အတွက် ပြည်သူများ၏ နေအိမ်ခြံဝင်းများ၊ တပ်ရင်းတပ်ဖွဲ့များ၊ ဌာနဆိုင်ရာရုံးများ၊ အခြေခံပညာစာသင်ကျောင်းများနဲ့ သာသနာ့နယ်မြေများတွင် အခမဲ့ဖြန့်ဝေစိုက်ပျိုးဆောင်ရွက်လျက်ရှိပါတယ်။ ယခုလို လူထုဖြန့်အစီအစဉ်ဖြင့် စိုက်ပျိုးရခြင်းရဲ့ရည်ရွယ်ချက်က ဒေသခံပြည်သူလူထုအား သစ်တောသစ်ပင်များကို ချစ်မြတ်နိုးပြီး တန်ဖိုးထားထိန်းသိမ်းတတ်စေဖို့၊ သစ်တောသစ်ပင်များရဲ့ အကျိုးကျေးဇူးတွေကို သိရှိနားလည်ပြီး ဒေသအတွင်း ဆောင်ရွက်နေတဲ့ သဘာဝပတ်ဝန်းကျင်ကာကွယ်ထိန်းသိမ်းရေးနဲ့ စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်လိုတဲ့ အလေ့အကျင့်များရရှိစေဖို့၊ စည်းကမ်းမဲ့ သစ်တောသစ်ပင်များခုတ်လှဲခြင်းများ ရှောင်ကြဉ်နိုင်စေဖို့ စတဲ့ရည်ရွယ်ချက်နဲ့ အကောင်အထည်ဖော် စိုက်ပျိုးဆောင်ရွက်ပေးရခြင်းဖြစ်ပါတယ်"ဟု ပွင့်ဖြူမြို့နယ်သစ်တောဦးစီးမှူးက ပြောကြားကြောင်း သိရသည်။


(၄၄၅)

၀-၀-၀-၀-၀

# ပြန်လှည့်ကြည့်ဖြစ်တဲ့ သက္ကရာဇ်များ (၁၂၈)

သွယ်အောင်




၁၉၉၅၊ မတ်လ ၂၄ ရက်သည် ကျွန်တော့်အတွက် အမှတ်တရ နေ့တစ်နေ့ဖြစ်ပါသည်။ ထိုနေ့ကို အမှတ်ရမိသည့်အကြောင်းမှာ ထွေထွေထူးထူးတော့ မဟုတ်ပါ။ ကဗျာနှင့် ကာတွန်း တစ်နေ့တည်း အပြီး ရေးဖွဲ့ခဲ့သောကြောင့် ဖြစ်သည်။

ထိုရက်ပိုင်းက ကာတွန်းများ ဆက်တိုက်ရေးဆွဲဖြစ်နေပြီး ကဗျာရေးဖွဲ့မှု အားနည်းခဲ့သည်ဟု ဆိုရပေမည်။ ထို့ကြောင့် ကဗျာမရေးဖြစ်သည်မှာ ရက်အတော်ကြာနေပြီဖြစ်၍ ကဗျာတစ်ပုဒ်ကို အရင်ရေးဖွဲ့ကြည့်ဖြစ်၏။ ကဗျာလိပ်ပြာနိုး၍လားမသိ တစ်ထိုင်တည်းဖြင့် ကဗျာကို အပြီးရေးဖွဲ့နိုင်ခဲ့သည်။ ပြင်ရာ၊ ဖျက်ရာမပါဘဲ အချောရေးဖွဲ့ဖြစ်သည့် ကဗျာလည်း ဖြစ်၏။ ရေးဖွဲ့ဖြစ်သည့် ကဗျာမှာ 'လမင်းရဲ့ ကြေးနန်းစာ' ဆိုသည့် ကဗျာဖြစ်သည်။

**လမင်းရဲ့ ကြေးနန်းစာ**

*** ဒါ…**
**လမင်းဆီကလာတဲ့**
**ကြေးနန်းစာပဲ။**
*** သူ…**
**နေမကောင်းနေတာ**
**ကြာပြီတဲ့။**
*** လူတွေ**
**မမြင်နိုင်တဲ့ တစ်နေရာမှာ**
**မဟူရာခြုံထည်ကြီးနဲ့**
**ခွေးထုတ်နေတာ**
**ရက်သုံးပတ်လောက်ရှိနေပြီ။**
*** နှာလန်ထ,စ ပြုနေတဲ့ လမင်းဟာ**
**မနက်ဖြန်ဆို**
**ခပ်ကွေးကွေးအလင်းရောင်နဲ့**
**ကမ္ဘာမြေကြီးကို**
**စတင်မိတ်ဆက်ပါတော့မယ်။**
*** ဒီလိုနဲ့**
**နောက်ထပ်ရက်တစ်ပတ်အပြည့်မှာ**
**ကောင်းကင်မျက်နှာကြက်ပေါ်က**
**ဝိုင်းစက်စက် အလင်းပေါက်ကြီးတစ်ခု**
**မြင်တွေ့ခွင့်ရတော့တယ်။**
*** အဲ့ဒီနေ့မှာပဲ**
**လမင်းဟာ**
**သူ…ကျန်းမာပါပြီဆိုတဲ့**
**ကြေးနန်းတစ်စောင်ထပ်လာတယ်။ ။**

**သွယ်အောင်**
**(ကလျာအမျိုးသမီးမဂ္ဂဇင်း)**
**(၁၉၉၉၊ စက်တင်ဘာလ)**

၂၄-၃-၁၉၉၅ ရက်တွင် ရေးခဲ့သော 'လမင်းရဲ့ ကြေးနန်းစာ' ကဗျာသည် လေးနှစ်ကြာပြီးမှ ကလျာအမျိုးသမီးမဂ္ဂဇင်း အဖွင့်စာမျက်နှာတွင် ပုံနှိပ်ဖော်ပြခြင်း ခံခဲ့ရလေသည်။

ကဗျာရေးဖွဲ့အပြီး ကာတွန်းပုံ တစ်ပုံကို မနားဘဲ ရေးဆွဲဖြစ်သည်။ ရေးဆွဲဖြစ်သည့် ကာတွန်းမှာ အမှိုက်နှင့်ပတ်သက်သည့် ကာတွန်း ဖြစ်သည်။ ထိုစဉ်က မန္တလေးမြို့လူထု စွန့်ပစ်သည့် အမှိုက်သည် လွန်စွာများလွန်းနေပြီး အမှိုက်စွန့်ပစ်ဖို့ အမှိုက်သိမ်းကားကို စိတ်ရှည်ရှည်ဖြင့် စောင့်ဆိုင်းအမှိုက်စွန့်ပစ်ကြသည်ကို မြင်တွေ့နေရကာ ထိုမြင်ကွင်းကို ရယ်စရာဟာသအမြင်ဖြင့် ရေးဆွဲဖြစ်သော ကာတွန်းဖြစ်သည်။ ယင်းကာတွန်းပုံကို ရေးဆွဲပြီးပြီးချင်း ရတနာပုံသတင်းစာတိုက်သို့ ချက်ချင်းသွားပို့ခဲ့သည်။

ကာတွန်းပုံမှာ နောက်တစ်နေ့ထုတ်သတင်းစာတွင် မပါဘဲ နောက်တစ်ရက်ကျော် ၂၆-၃-၁၉၉၅ရက်တွင် ဖော်ပြခြင်း ခံခဲ့ရလေသည်။

ပုံတွင် အမှိုက်သိမ်းကားပေါ်သို့ ရပ်ကွက်ထဲမှ လူများက ဝိုင်းဝန်း အမှိုက်ပစ်နေကြပြီး လူနှစ်ယောက်က စကားပြောနေသည်။ ဦးထုပ်နှင့်လူ ပြောလိုက်သည့် စကားမှာ '**အမှိုက်သိမ်းကား လာတယ်ဆိုပြီး‥ ဝမ်းသာအားရ ဝိုင်းအမှိုက်ပစ်လိုက်ကြတာနဲ့ အမှိုက်ကားလည်း ခုလို အမှိုက်ပုံအောက် ရောက်သွားတော့တာပဲ**'ဟု ပြောလိုက်သော ပုံဖြစ်သည်။

ယင်းကာတွန်းပုံကို ရတနာပုံသတင်းစာ အယ်ဒီတာချုပ် သတင်းစာဆရာဦးခင်မောင်ကြီးက လွန်စွာသဘောကျကြောင်း ဆရာ နတ်မောက်ထွန်းရှိန်က ကျွန်တော့်အား ပြောပြခဲ့ဖူးသည်။

ရတနာပုံသတင်းစာတိုက်တွင် ကာတွန်းများ မကြာခဏဖော်ပြပါရှိခဲ့ပြီး ကာတွန်းဆရာအသစ်များနှင့် ခင်မင်ရင်းနှီးခဲ့ရသည်။ ကာတွန်းမှတ်ကြီး၊ အောင်ချိုမြင့် (ကြယ်ပြာ)၊ မြောက်ပြင်တော်က ကိုရွှေမော်၊ အိုက်ခမန်း၊ ပံသုအောင်၊ နေလင်းအောင်၊ ညွန့်မောင်၊ ဇေါ်ပြား၊ မျိုးလေး၊




ငယ်လေး၊ ထင်အောင် အစရှိသူတို့ဖြစ်သည်။ မှတ်မိသလောက် ဖော်ပြခြင်းသာဖြစ်ပြီး ကာတွန်းဆရာများ ကျန်ရှိနေပါသေးသည်။

တစ်ရက်တွင် ကျွန်တော် မထင်မှတ်ထားသော ငယ်သူငယ်ချင်း ကာတွန်းမောင်ဝင်းအောင် တစ်ယောက် ဧည့်သည်တစ်ယောက်နှင့်အတူ ကျွန်တော့်ဆီ ရောက်လာသည်။ မောင်ဝင်းအောင်မှာ ဟံသာဝတီ သတင်းစာရှိစဉ်က ကာတွန်းအတူ ရေးဆွဲခဲ့ကြသော သူငယ်ချင်းဖြစ်ပြီး ရန်ကုန်မြို့တွင် အခြေကျနေထိုင်နေသည်ဟု ကြားသိရပြီး သူနှင့်အတူပါလာသော ဧည့်သည်နှင့် ကျွန်တော့်ကို မိတ်ဆက်ပေးလေသည်။

'အငယ်လေး ဒါစာရေးဆရာ နီကိုရဲပဲ'


ကျွန်တော်က နီကိုရဲကို လက်ဆွဲနှုတ်ဆက်ပြီး ဝမ်းသာကြောင်း စကားဆိုသည်။ စာရေးဆရာ နီကိုရဲမှာ ပိန်ပိန်သေးသေး အရပ်ခပ်ပြတ်ပြတ်နှင့် အားအင်ချည့်နဲ့နေသည့် လူမမာတစ်ဦးနှင့်တူနေ၍ သူ့ကို သေချာစိုက် ကြည့်နေမိသည်။ နီကိုရဲသည် ရုပ်ရှင်တေးကဗျာတွင် ကဗျာများ ရေးခဲ့ဖူးသည်။ သူသည် ကဗျာမရေးတော့၊ ဝတ္ထုများသာ ရေးတော့သည်။ သူငယ်ချင်း ဝင်းအောင်က ကျွန်တော် ကဗျာရေးခြင်းထက် ကာတွန်းတွေပဲ ဖိရေးဆွဲစေချင်သည်။ ကျွန်တော် ကာတွန်းပြန်ဆွဲနေမှန်းသိ၍ ကျွန်တော့်ဆီလာခဲ့ခြင်းဖြစ်ကြောင်း ပြောသည်။ ရန်ကုန်ပြန်မည့်နေ့တွင် ကာတွန်းများဆွဲပြီး သူနဲ့ထည့်ပေးဖို့ မဂ္ဂဇင်းတိုက်များသို့ ရောက်အောင် ပို့ပေးမည်ဟု ဆိုသည်။

'ကိုယ်ကာတွန်းတွေ ဆွဲထားလိုက်မယ်၊ ရန်ကုန်ပြန်မယ့်နေ့ရောက်ရင် ဝင်ယူလိုက်လေ'ဟု ကျွန်တော်က ပြန်ပြောလိုက်သည်။

ကာတွန်းပုံ သုံးပုံရေးဆွဲပြီး သူငယ်ချင်း ဝင်းအောင်နှင့် ထည့်ပေးလိုက်ပါသည်။ ယင်းပုံ သုံးပုံကို သင့်ဘဝအောင်မြင်ရေးမဂ္ဂဇင်း၊ ရုပ်ရှင်တေးကဗျာမဂ္ဂဇင်းနှင့် မန္တလေးယဉ်ကျေးမှုဂျာနယ်တိုက်များသို့ ပို့ပေးရန် သေချာမှာလိုက်သည်။

သူငယ်ချင်းကာတွန်းဝင်းအောင် ရန်ကုန်ပြန်သွားပြီး မေ့မေ့ပျောက်ပျောက်ဖြင့် နှစ်လလောက်ကြာသွားသည်။ သူနှင့် ထည့်ပေးလိုက်သော ကျွန်တော့်ကာတွန်းများကို အမှတ်မရဘဲ ဖြစ်နေသည်။

စာတိုက်ကြီးမှ ပါဆယ်ထုပ်ထားသော မဂ္ဂဇင်းစာအုပ်များ အိမ်ရောက်လာတော့မှ ဝင်းအောင်နှင့် ထည့်ပေးလိုက်သော ကာတွန်းများ မဂ္ဂဇင်းတွေထဲ ပါရှိလာသည်ကို သိရလေတော့သည်။






## ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေး Talk Show ကျင်းပ




**သာစည် မေ ၃၁**

မန္တလေးတိုင်းဒေသကြီး၊ သာစည်မြို့နယ်၌ ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေး Talk Show ကို မေ ၂၉ ရက်က မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြု ဗဟိုဌာနတွင် ကျင်းပသည်။

အသိပညာပေးဆွေးနွေးရာ၌ မြို့နယ်ဥပဒေအရာရှိ ဦးအောင်ဖြိုးလွင်က မြန်မာနိုင်ငံတွင် ကလေးအလုပ်သမားပပျောက်ရေး အကောင်အထည်ဖော်ဆောင်ရွက်နေမှုများ၊ ဥပဒေရေးရာဝန်ကြီးဌာနမှ ပါဝင်ဆောင်ရွက်နေမှုများ၊ ကလေးသူငယ်၏ အသက်အရွယ်၊ အလုပ် လုပ်ကိုင်နိုင်သည့်အသက်အရွယ်နှင့်အလုပ်လုပ်ကိုင်ခွင့်မပြုသည့် အသက်အရွယ် ကလေးအလုပ်သမား တစ်ဦး၏ အလုပ်ချိန်တွင် ကလေးအလုပ်သမားများအား ခိုင်းစေခြင်းမပြုရသည့် အလုပ်နေရာများ၊ ပြစ်မှု၊ ပြစ်ဒဏ်များနှင့်ဥပဒေပြဋ္ဌာန်းချက်များ၊ ကလေးအလုပ်သမားပပျောက်ရေးအတွက် တိုင်ကြားနိုင်သည့် နေရာများနှင့် ကလေးအလုပ်သမား လျော့နည်းစေရန် ဆောင်ရွက်သင့်သည်များကို ဆွေးနွေးခဲ့သည်။

အဆိုပါ အသိပညာပေး Talk Show တွင် မြို့နယ်ဥပဒေအရာရှိနှင့် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သင်းသင်းတို့က ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **(အပေါ်ဝဲပုံ) (၄၈၇)**

## အမျိုးသမီးကော်မတီနှင့် ရှမ်းပြည်နယ် လူမှုဝန်ထမ်းရုံးတို့ပူးပေါင်း၍ အသိပညာပေးဟောပြောပွဲ ကျင်းပ



**ရပ်စောက် မေ ၃၁**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရပ်စောက်မြို့နယ်တွင် ရှမ်းပြည်နယ် အမျိုးသမီးကော်မတီနှင့် ရှမ်းပြည်နယ် လူမှုဝန်ထမ်းရုံးတို့ပူးပေါင်း၍ အသိပညာပေးဟောပြောပွဲကို မေ ၃၀ ရက် နံနက် ၉ နာရီခွဲက မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

ရှေးဦးစွာ ရှမ်းပြည်နယ် လူမှုဝန်ထမ်းရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်မိုးမိုးစန်းက အမျိုးသမီးကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းစဉ်များ တင်ပြရာတွင် ကျား၊ မ အခြေပြုအကြမ်းဖက်မှုနှင့် သက်ငယ်မုဒိမ်းမှုဖြစ်ရပ် စီမံခန့်ခွဲခြင်းဆိုင်ရာ ညွှန်ပို့မှုလမ်းကြောင်း၊ ကျန်းမာရေးစောင့်ရှောက်မှု၊ ဖြစ်ရပ်စီမံခန့်ခွဲမှုပေးခြင်းနှင့် လူမှုစိတ်ပိုင်းဆိုင်ရာ ပံ့ပိုးကူညီမှု၊ ယာယီလုံခြုံရေးနေရာ၊ ရဲ၊ ဘေးကင်းလုံခြုံမှု၊ လူမှုစိတ်ပိုင်းဆိုင်ရာ ပံ့ပိုးကူညီမှု၊ ဥပဒေရေးရာဆိုင်ရာဝန်ဆောင်မှု၊ အမျိုးသမီးများနှင့်ကလေးသူငယ်များ ဘဝမြှင့်ရေးအသင်း၊ ရင်ခွင်မဲ့ကလေးငယ်များလျှော့ချရေးနှင့် ကာကွယ်စောင့်ရှောက်ရေးအသင်း၊ ငွေကြေးထောက်ပံ့ပေးနေမှုအခြေအနေနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ရှမ်းပြည်နယ် လူမှုဝန်ထမ်းရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်ခင်မေဦးက လူမှုရေးပင်စင်ငွေကြေးထောက်ပံ့မှုဆိုင်ရာ လုပ်ငန်းစဉ်များအား ရှင်းလင်းဆွေးနွေးပြောကြားသည်။

အဆိုပါ အသိပညာပေးဟောပြောပွဲသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမင်းစိုးနိုင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ရပ်ကွက်၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**




## လူထုအခြေပြုဗဟိုဌာနတွင် ကွန်ပျူတာ အခြေခံသင်တန်း(၂/၂၀၂၅) ဆင်းပွဲ အခမ်းအနားကျင်းပ

**ကလေး မေ ၃၁**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတွင် တိုင်းဒေသကြီးအစိုးရ၏ လမ်းညွှန်မှုဖြင့် ကွန်ပျူတာအခြေခံသင်တန်း(၂/၂၀၂၅)ဆင်းပွဲအခမ်းအနားကို မေ ၃၀ ရက် နံနက်ပိုင်းက ကလေးခရိုင် လူထုအခြေပြုဗဟိုဌာန (Community Centre) ၌ ကျင်းပသည်။

ရှေးဦးစွာ ကလေးခရိုင် ကွန်ပျူတာအခြေခံသင်တန်းကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ချို့က အဖွင့်အမှာစကားပြောကြားပြီး ကလေးခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးတွာလ်ဆွင်းဇန်က သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

အဆိုပါ သင်တန်းတွင် Microsoft Word, Excel, Power Point, Photoshop စသည့် ဘာသာရပ်များကို မေ ၇ ရက်မှ ၃၀ ရက်အထိ နံနက် ၁၀ နာရီမှ မွန်းတည့် ၁၂ နာရီအထိ သင်တန်းသား၊ သင်တန်းသူ ၁၀ ဦးကို လေ့ကျင့်သင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။

**(အောက်ပုံ)**

**မြို့နယ်(ပြန်/ဆက်)**



ပတ်စရာ၊ မှတ်စရာ
စုံလင်
မန္တလေး

## မန္တလာမိုး

---

* မန္တလာမိုး .....
အစိုးမရ၊ ငြိုးကြီးစွဟု
ဆိုရလောက်အောင်၊ နွေခေါင်ခေါင်မှာ
ရွာအောင်သွန်ချ၊ ရေပါမှတော့
လေကမနေ၊ သူပါမွှေပြီ
သည်နွေဟုတ်မှ ဟုတ်ပါစ
မိုးလို့ဆိုလည်း ဆိုမရ။

* ခုတော့သည် နွေ .....
လေပူမကဲ၊ ပူနိုင်ပဲလေ
လာဆဲတောင်လေ၊ မုတ်သုံမွှေလို့
နွေနှောင်းရက်ကျန်၊ သူ့သဏ္ဍာန်လည်း
သူ့ဟန်ကိုဖျောက်၊ နွေမာန်ပျောက်လို့
မထောက်မညှာ၊ နွေမိုးရွာသည်
မြန်မာတို့ပြည် အေးငြိမ်းဖို့။
ခရီးရှေ့ဆက် လှမ်းကြစို့။

* သြော် .....
နွေတော့ နွေနော်
အခေါ်နွေနှောင်း၊ ဆိုကြညောင်းလည်း
နွေနှောင်းမမည်၊ နွေမပီအောင်
ရာသီခုဖောက်၊ ဆိုရလောက်မို့
ရှေ့နောက်ဆင်ခြင်၊ အတွေးဝင်သည်
ပြစ်တင်ဘယ်သူ့ဆိုရပ့်
အတိတ်နွေကို လွမ်းမိရ။ ။

**မြတ်ထွဏ်းနောင်**

# နိုင်ငံတကာ ရုပ်ရှင်၊ ဂီတ သတင်းများ




## Lady Gaga နှင့် Bruno Mars တို့၏ Die With A Smile ဂရမ်မီဆု ဆွတ်ခူး ရရှိ

ကမ္ဘာကျော်အဆိုတော်နှစ်ဦး ဖြစ်ကြသည့် လေဒီဂါဂါနှင့် ဘရူနိုမတ်စ်တို့၏ဂီတသစ် Die With A Smile မှာ ဂရမ်မီဆု စာရင်းတွင် ပါဝင်၍ ဆုရရှိခဲ့ပြီး လေဒီဂါဂါက ကျေးဇူးတင်စကား ပြောကြားခဲ့ကြောင်း ဟောလီဝုဒ် ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါ ဂီတအယ်လ်ဘမ်သည် ဘီလ်ဘုတ်၊ ဂလိုဘယ်လ် ချပ် ၂၀၀ တွင် ထိပ်ဆုံးမှာ ရှစ်ပတ်ကြာရပ်တည်ခဲ့ပြီး တစ်နှစ်အတွင်း အကြာဆုံးရပ်တည်ခဲ့သော သီချင်းဖြစ်ခဲ့သည်။

ဘရူနိုမတ်စ်၏ Beautiful Things သီချင်း၏ ခုနစ်ပတ်စံချိန်ကို ချိုးနိုင်ခဲ့ပြီး စံချိန်ကို ကျော်လွန်၍ လေဒီဂါဂါနှင့် အတူ သီဆိုထားသည့် Die With A Smile က ဂရမ်မီဆု ရရှိခဲ့ခြင်း ဖြစ်သည်။

လေဒီဂါဂါနှင့် ဘရူနိုမတ်စ်တို့နှစ်ဦး ယင်းပွဲတော်တွင် ဖျော်ဖြေရန် စီစဉ်ထားသော်လည်း လော့စ်အိန်ဂျလိစ်မီးဘေးကြောင့် ဖျော်ဖြေမှုပြုလုပ်ခြင်းမရှိဘဲ ကျေးဇူးတင်စကားသာ ပြောကြားသွားခဲ့သည်။ (SKY)


## မော်ဒန်ကလပ်စစ်ရုပ်ရှင်အဖြစ် The Great Gats by သတ်မှတ်ခံရ

ဟောလီဝုဒ်ရုပ်ရှင် The Great Gatsby တွင် အချစ်ကြီးသူတစ်ဦး၏ အချစ်ဇာတ်လမ်းတစ်ပုဒ်ကို ပုံဖော်ထားရာ မော်ဒန်ကလပ်စစ်ရုပ်ရှင်အဖြစ် သတ်မှတ်ခံရကြောင်း ဟောလီဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါဇာတ်ကားတွင် မျှော်လင့်ချက်ကြီး၊ အချစ်ကြီးခဲ့၍ ဝဋ်ကြီးခဲ့ရသူတစ်ဦးအကြောင်း ပုံဖော်ပြသထားရာ နယူးယော့ခ်ပါတီပွဲတစ်ခုတွင် မြင်ခဲ့ရသည့် အလင်းပွင့်စိမ်းလေးမှာ တစ်ဖက်ကမ်းတွင်နေသူဖြစ်ပြီး ငါးနှစ်ကြာမှ ပြန်တွေ့ရန် မျှော်လင့်ခဲ့သော်လည်း ထင်သလို ဖြစ်မလာခဲ့ချေ။

မမီနိုင်သည့်အိပ်မက်နောက်လိုက်ရင်း အလင်းပွင့်စိမ်းလေးမှာ တစတစမှေးမှိန်ရင်း လက်လွှတ်ခဲ့ရကာ 'အတိတ်ကို ပြန်မြင်၍မရ' ဖြစ်ခဲ့ရပုံကို တင်ဆက်ထားသည်။

အက်ဖ်စကော့ဖစ်ဇ်ဂျရာလက်၏ ဂန္ထဝင်ဝတ္ထုကြီးကို ဒါရိုက်တာက စာအုပ်အတိုင်း ရိုက်ကူးထားရာ မင်းသား လီယိုနာဒိုဒီကာပရီယို ပါဝင်ထားပြီး အော်စကာဆုရခဲ့သော်လည်း ပရိသတ်နှင့် ဝေဖန်ရေးကြား နှစ်ခြမ်းကွဲခဲ့ကာ မော်ဒန်ကလပ်စစ်ရုပ်ရှင်အဖြစ် သတ်မှတ်ခံခဲ့ရသည်။ (SKY)






## ခန္ဓာကိုယ်ထုထည်အညွှန်းကိန်း မြင့်မားခြင်းကြောင့် အသက်(၃၀)ကျော်သူများ၏ ဒူးဆစ်များ ထိခိုက်ပျက်စီး

ဖင်လန်နိုင်ငံမှ သုတေသီများသည် အသက်(၃၀) အစောပိုင်းအရွယ်ရှိသူများ၏ ဒူးဆစ်များအတွင်းရှိ တည်ဆောက်ပုံဆိုင်ရာ ပြောင်းလဲမှုများကို မကြာသေးမီက Scan ဖတ်ပြီး လေ့လာခဲ့ကြသည်။

ထိုလေ့လာချက်တွင် အူလူတက္ကသိုလ်မှ အဆိုပါသုတေသီများသည် စစ်ဆေးခံထားရသူ အသက်(၃၀)ကျော်အရွယ်များ၏ တစ်ဝက်ကျော်တွင် အဆစ်ပျက်စီးမှု၏ အစောပိုင်းလက္ခဏာများကို ရှာဖွေတွေ့ရှိခဲ့သည်။

အဆက်အဆက်အရှိဆုံးအချက်မှာ ခန္ဓာကိုယ်ထုထည်အညွှန်းကိန်းမြင့်မားခြင်းဖြစ်ပြီး ကိုယ်အလေးချိန်သည် အဆစ်စောစီးစွာ ပျက်စီးမှု၏ အဓိကအချက်တစ်ခုဖြစ်ကြောင်း ယင်းသုတေသီများက ဖော်ထုတ်နိုင်ခဲ့သည်။

လေ့လာမှုတွင် ပါဝင်သူ ၂၉၇ ဦး၏ ထက်ဝက်ကျော်တွင် ဒူးဆစ်အတွင်းပိုင်းပျက်စီးမှုများကို မြင်တွေ့ရပြီး ပါဝင်မှုများ၏ လေးပုံ တစ်ပုံခန့်တွင် ခြေသလုံးရိုးနှင့် ပေါင်ရိုးကြားရှိ အဆစ်တွင်လည်း အဆစ်နုပျက်စီးမှုများ တွေ့ရှိကြောင်း သိရသည်။ (SCI)

## Baby Monster မှ ASA ၏ Drip သီချင်းကို G Dragon က တေးရေးပေးထား

Baby Monster အဖွဲ့ဝင် ASA က G Dragon အကြောင်း ပြောကြားခဲ့ရာမှ Drip သီချင်းကို ရေးသားပေးခဲ့ပြီး Demo (အခွေကြမ်း)လုပ်ထားပေးသည်ဟု ပြောကြားခဲ့ကြောင်း ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ASA က အဆိုပါသီချင်းကို ဂုဏ်ယူစရာကောင်းသည်မှာ G Dragon က တေးရေးအဖြစ် ရေးသားပေးထားပြီး သီချင်းကို Demo လုပ်ထားပြီးဖြစ်၍ G Dr-agon ဆိုသည့်ပုံစံနှင့် သီဆိုရန် ထုတ်လုပ်သူက ပြောကြားသဖြင့် တာဝန်ကြီးခဲ့ရကြောင်း၊ အတတ်နိုင်ဆုံး ကောင်းအောင်လုပ်မည့်စိတ်နှင့် ကြိုးစား၍ သီဆိုထားကြောင်းကိုပါ ပြောကြားထားသည်။

G Dragon ဆိုသည်မှာ မျိုးဆက်သစ်ဂီတအနုပညာရှင်များအပေါ်တွင် စေတနာထားကာ နွေးထွေးကြင်နာမှုရှိသူတစ်ဦးဖြစ်သည်ဟု ASA က ချီးကျူးစကား ပြောကြားထားသည်။

မျိုးဆက်သစ်ကေပေါ့ပ်အဖွဲ့ဝင်များကလည်း G Dragon ကို လေးစားကြပြီး သူတို့၏ စံပြပုဂ္ဂိုလ်အဖြစ် သတ်မှတ်ထားကြသည်။ (SKY)


* * * * *

## TO1 အဖွဲ့ဝင်ဟောင်း Jae Yun နာမည်ပြောင်း၍ တစ်ကိုယ်တော်လှုပ်ရှားနေ

ကေပေါ့ပ်မျိုးဆက်သစ်အဖွဲ့ဝင် TO1 အဖွဲ့ဟောင်း ဂျေယွန်းသည် အမည်သစ် ဂျန့်လီဟု ပြောင်းလဲ၍ တစ်ကိုယ်တော်လှုပ်ရှားမှုများ ပြုလုပ်နေကြောင်း ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ကိုရီးယားနိုင်ငံ၊ ဒယ်ဂူးမြို့တွင် မွေးဖွား၍ မိသားစုအလုပ်နှင့် မြန်မာနိုင်ငံတွင် နိုင်ငံတကာကျောင်းတက်ခဲ့ကာ ၂၀၂၀ပြည့်နှစ်တွင် TO1 အဖွဲ့ခေါင်းဆောင်နှင့် ပွဲဦးထွက်ခဲ့ပြီး ၂၀၂၃ ခုနှစ်တွင် အဖွဲ့မှ ထွက်ခဲ့သည်။

လက်ရှိ Hypeer Reords နှင့် စာချုပ် ချုပ်ထားသော ဂျေယွန်သည် အမည်သစ် ဂျန့်လီဟု ပြောင်းလဲ၍ တစ်ကိုယ်တော်အနုပညာလှုပ်ရှားမှုများ ပြုလုပ်နေသည်။ ကေပေါ့ပ်အနုပညာရှင်များအနက် မြန်မာဘာသာစကားနားလည်သည့် ရှားပါးသော အနုပညာရှင် ဖြစ်သည်။ (SKY)




## The Trauma Code:Heroes On Call အပါအဝင် ဆရာဝန်ဇာတ်လမ်းတွဲများ လူကြိုက်များခဲ့




နက်ဖလစ်၏ ဇာတ်လမ်းတွဲ The Trauma Code:Heroes On Call မှာ ပြသပြီး တစ်ရက်အတွင်း ထိပ်ဆုံးစာရင်းဝင်ခဲ့ပြီး ဂလိုဘယ်လ်စီးရီးတွင် နံပါတ်နှစ်နေရာ ရရှိခဲ့ရာ ဆရာဝန်ဇာတ်လမ်းတွဲများ လူကြိုက်များသော စာရင်းဝင်ဖြစ်ခဲ့ကြောင်း ကိုရီးယားဘိုးဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါဇာတ်ကားတွင် ဆရာ၊ တပည့်နှစ်ဦးကို ပုံဖော်ထားကာ ရယ်စရာ၊ စိတ်လှုပ်ရှားစရာ၊ စိတ်ထိခိုက်စရာများနှင့် ဖန်တီးထားပြီး ဒါရိုက်တာ လီနိုဂျွန်က အပိုင်းသစ် ထပ်မံရိုက်ကူးရန် စီစဉ်ထားပြီး ဖြစ်သည်။

လူကြိုက်များ၍ အားပေးမှုမြင့်မားခဲ့သော ဆရာဝန်ဇာတ်လမ်းတွဲများဖြစ်သည့် Hospital Playlist, Doctor Sranger, Good Doctor, Ghost Doctor, Doctor Detective, Doctor John, Dr.Romantic, Doctor Slump, Doctor Cha နှင့် The Trauma Code စသည့် ဇာတ်ကားများသည် ပရိသတ် အားပေးမှု မြင့်မားစွာ ရရှိထားကြသည်။ (SKY)

## Super Sentai ၏ နှစ်(၅၀)ပြည့် အထိမ်းအမှတ်အဖြစ် Sentai Gozyuger ထွက်ရှိလာ



(၄၉)တွဲမြောက် Super Sentai ၏ ဇာတ်လမ်းတွဲဖြစ်သည့် Sentai Gozyuger သတင်းစာရှင်းလင်းပွဲတွင် နှစ်(၅၀)ပြည့် အထိမ်းအမှတ်အဖြစ် ဂုဏ်ပြုထားသည်ဟု ဝိန်ဘိုဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါဇာတ်လမ်းတွဲများကို Boonboomger တွင် ကားများအခြေခံထားကာ ယခုထွက်ရှိလာမည့်ဇာတ်လမ်းတွင် တိရစ္ဆာန်များကိုအဓိကထားပြီး အနီရောင်ဝံပုလွေ၊ အပြာရောင်ခြင်္သေ့၊ အဝါရောင် ဒိုင်နိုဆော၊ အစိမ်းရောင် လင်းယုန်၊ အနက်ရောင် ယူနီကွန်းတို့ ပါဝင်သည်။

ထူးခြားစွာ ဖန်တီးထားသည့် တိရစ္ဆာန်အဖွဲ့တွင် အနက်ရောင်မှာ မိန်းကလေးသရုပ်ဆောင်ဖြစ်ပြီး ယောကျ်ားလေး လေးဦးနှင့်အတူ ပုံဖော်ရိုက်ကူးထားခြင်းဖြစ်သည်။

ယင်းသတင်းစာရှင်းလင်းပွဲတွင် ဇာတ်လမ်း၏ အဓိကသရုပ်ဆောင်များ၊ ဇာတ်လမ်းဇာတ်ညွှန်း အကျဉ်းချုပ်နှင့် ဇာတ်ဝင်တေး အပါအဝင် ဇာတ်ကားနမူနာကိုပါ ချပြထား၍ ပရိသတ်က အဖွဲ့ဝင် တိရစ္ဆာန်ငါးဦးနေရာမှ ပါဝင်မည့်သူများကို စိတ်ဝင်စားနေကြသည်။ (SKY)

# ငလျင်ဘေးအလွန် ... (၂)

မတ် ၂၉ ရက် နံနက် ၈ နာရီခွဲမှ သတင်းစာတိုက်တာဝန်များ ပြီးဆုံး၍ အိမ်ပြန်ရသည်။ အိမ်ရောက်မှ မိမိအိမ်၏ အခြေအနေကို မေးမြန်း၍ အပျက်အစီးကလေးများကို လှည့်ပတ်စစ်ဆေးရသည်။ ယခုနေသော အိမ်သည် မိသားစုစားဝတ်နေရေးအတွက် မအိမ်သူ၏ စက်ချုပ်အလုပ်ရုံနှင့် ဂိုထောင်အဖြစ် အသုံးပြုနေသော အိမ်ဖြစ်သည်။ အနည်းငယ်သာ ထိခိုက်သည်။ အပေါ်ထပ်မှ စာအုပ်စင်ကြီး ပြိုလဲသွားသဖြင့် စာအုပ်များကို တစ်ရက်အချိန်ယူ ရှင်းရတော့မည်။ စနစ်တကျပြန်ထားရန်အတွက် နှစ်ရက်ခန့် အချိန်ကုန်ရတော့မည်။

ပြန်ရောက်ရောက်ချင်း မအိမ်သူကို သတင်းဆိုးများ ပြောပြဖြစ်သည်။ မိမိတို့၏ဌာနမှ နေထိုင်ရန် ပေးထားသော စက်မှု(၁၁)ထဲမှ တိုက်ခန်းမှာ နေထိုင်၍မရအောင် ပျက်စီးသွားသည်ဟု သတင်းရကြောင်း၊ အမရပူရဘက်တွင်လည်း အပျက်အစီး၊ အပြိုအပျက်များသည်ဟု သတင်းရကြောင်း ပြောပြသည်။ မအိမ်သူက အမရပူရတွင် ဖွင့်ထားသော ဆိုင်ကလေးအခြေအနေမေးရာ အတိအကျမသိကြောင်း။ သို့သော် အခြေအနေမကောင်းနိုင်ကြောင်း ပြောပြီး သွားကြည့်ကြရန် တိုင်ပင်သည်။ မြန်မြန်ရေချိုး၊ အဆာပြေ ထမင်းစားပြီး နှစ်ဦးသား ဆိုင်ကယ်ဖြင့် ထွက်လာခဲ့ကြသည်။ မြောက်ပြင်ဘက်သွားစရာရှိ၍ မြောက်ပြင်ဘက်မှ ပတ်၍သွားရန် တိုင်ပင်ပြီး နန်းရှေ့၊ ၁၉လမ်းမကြီးဘေးမှ အိမ်အချို့ အက်ကွဲပျက်စီးပြိုလဲမှုများကို တွေ့ရသည်။ ရေစစ်ကန်အနီးမှ စကိုင်းဗီလာ၏ ပျက်စီးမှုကို ငလျင်လှုပ်ပြီးစကတည်းက မြင်ထားပြီးဖြစ်သည်။ နန်းရှေ့ဈေးကြီးပိတ်ထားသည်ကို တွေ့ရသည်။ အက်ကွဲ၍ လှေကားပြုတ်ကျကြောင်းနှင့် လူတစ်ဦးအသက်အန္တရာယ်ဖြစ်ခဲ့ကြောင်း သိရသည်။ မြောက်ပြင် ကျုံးဘေးအတိုင်းသွားရင်း ကျုံးဘေးမှ ထိခိုက်ပျက်စီးခဲ့သော ဘိုးဘွားအမွေအနှစ်တို့ကို ရင်နင့်စွာဖြင့် ကြည့်မိသည်။ ၁၂လမ်းတစ်လျှောက် ပြိုပျက်မှုများ တွေ့ရသည်။ လမ်း၉၀အထိ ဆင်း၍ သူငယ်ချင်း၏ အိမ်၊ သမီးကြီး၏ အလုပ်ရုံးခန်းကို ခဏဝင်ကြည့်သည်။ အနည်းငယ်သာ ပျက်စီးသည်။ ထိုမှ ၈၂လမ်းသို့ တက်၍ တောင်ဘက်သို့ လာရာလမ်းတစ်လျှောက် ပြိုပျက်မှုများစွာ တွေ့ရသည်။ လမ်းဘေးတွင်သာလူအများထွက်၍ နေကြသည်ကို တွေ့ရသည်။ အဆောက်အအုံအောက် အထဲသို့ ဝင်နေရမှာကို ကြောက်နေကြသည်။ ၁၂လမ်းမှ ၂၆ဘီလမ်း ရောက်ရန် ပိတ်ထားသော လမ်းများကို ရှောင်ကွင်းရင်း အချိန်အတန်ကြာမောင်းခဲ့ရသည်။ ၂၆ဘီလမ်းမှ တောင်ဘက်သို့ ဆက်လာ၍ မရသဖြင့် ရှောင်ကွင်းကာသွားရင်း မဟာမုနိဘုရားကြီးဘက်ရောက်သည်။ တစ်လမ်းလုံး အနိဋ္ဌာရုံများနှင့် ဖြစ်သည်။ အောက်ဘက်ဆင်း၍ ၈၄လမ်းအတိုင်း ဆက်သွားသည်။ ၈၄လမ်းတစ်လျှောက် အိမ်ဟောင်းများ ပြိုပျက်နေသည်ကို အများဆုံးတွေ့ရသည်။ ဘုရားကြီးအနီးမှ မိတ်ဆွေ၏ သက်နန်းတိုက်များလည်း ထိခိုက်ထားသည်ကို တွေ့ရသည်။ စစ်ကိုင်း-မန္တလေးလမ်းအတိုင်းလာရင်း အပျက်အစီးများကြောင့် လမ်းပိတ်နေသဖြင့် အပေါ်လမ်းသို့တက် တမ္ပဝတီဘက်မှ ဖြတ်ထွက်ခဲ့သည်။ အပျက်အစီး လမ်းပိတ်ဆို့မှုများကို ရှောင်ကွင်းပြီး စစ်ကိုင်းလမ်းမဘက် ပြန်ဆင်းသည်။ အမရပူရနယ် ဝင်သည်နှင့် ရှေးဟောင်းအမွေ စေတီ၊ ပုထိုးများကို ကြည့်မိသည်။ ထိခိုက်ပျက်စီးမှုများလှသည်။ စိတ်ထဲတွင် လေးလံတင်းကျပ်စွာ ခံစားရသည်။

အမရပူရမြို့အတွင်း စစ်ကိုင်းလမ်းမကြီးတစ်လျှောက် အပျက်အစီးများ ခပ်စိပ်စိပ်တွေ့ရသည်။ ဘာသာရေး အဆောက်အအုံများလည်း ပြိုသည်။ သိမ်ကြီးဈေးအနီး လမ်းဘေး ဝဲ၊ယာ အလွန်ဆိုးရွားစွာ ပြိုပျက်ကြသည်။ အဝေးမှ ဆိုင်ကလေးကို လှမ်းကြည့်လိုက်သည်။ သွားပြီ ... အုတ်ပုံမျှသာ မြင်ရတော့သည်။ အနီးအနားမှ အသိထံ ဆိုင်ကယ်အပ်ထားပြီး အမြန်သွားကြသည်။ တစ်အိမ်လုံးပြားပြားဝပ် အုတ်ပုံဖြစ်နေသည်။ ရှေးတိုက်ဖြစ်၍ ထိုမျှပုံကျခြင်းဖြစ်မည်။ အိမ်နောက်ဝင်းထဲမှ တဲထဲတွင် ထိုင်နေသော သားအဖသုံးဦးကို တွေ့ရသည်။ စိတ်ထဲ အနည်းငယ်အေးသွားသည်။ မိမိအလုပ်ထဲတွင် လုပ်ကိုင်ခဲ့ပြီး သမီးကဲ့သို့ ချစ်ခင်သော မိန်းကလေးဖြစ်သည်။ ဖခင်ဖြစ်သူမှာလည်း စာပေမိတ်ဆွေဖြစ်သည်။ မိဘနှစ်ပါး၏ ကျန်းမာရေးကို ငဲ့ကွက်၍ အလုပ်မှ အနားယူသွားသဖြင့် သူလည်း အဆင်ပြေ၊ ကိုယ်လည်း အဆင်ပြေရန် ဆိုင်ဖွင့်ကြခြင်း ဖြစ်သည်။ ကျွန်တော်တို့ကို မြင်သည်နှင့် ပြေးလာပြီး ငိုတော့သည်။ သမီးရဲ့ အဘွားနဲ့ ဦးလေး၊ ဒေါ်လေးတို့ ပိသွားပြီဟု ဆို့နင့်စွာပြောသည်။ ဘာဖြစ်သွားလဲ ဆေးရုံမှာလားဟု မေးရာ အုတ်ပုံကိုသာ လက်ညှိုးထိုးပြပြီး မဖော်ရသေးကြောင်း။ အခုလာ၍ ဖော်ကြမည်ဖြစ်ကြောင်း ပြောသည်။ သမီးကို မအိမ်သူနှင့်အတူ အနောက်ဘက်တွင် သွားနေခိုင်းပြီး ကျွန်တော်ကိုယ်တိုင် အုတ်ခဲများ သစ်သား၊ သံချောင်းများကို ပွပြင်းသော နေရောင်အောက်တွင် ယက်ထုတ်ဖယ်ရှားရင်း ရှာဖွေရေး လုပ်ရတော့သည်။ ပထမတစ်ဦး အဘွားကို ဖော်ပြီးချိန်တွင် မျက်စိများပြာ၍ မူးဝေလာသည်။ လမ်းမဘက်ဆင်း၍ ခဏနားနေစဉ် ပရဟိတကားတစ်စီးက ထိုးရပ်လာပြီး ရေဘူးကမ်းပေးသည်။ ကျေးဇူးတင်စွာဖြင့် ရေကို အငမ်းမရ သောက်မိသည်။ အုတ်ပုံဖော်နေသူများအတွက်လည်း ယူ၍ လိုက်ဝေပေးမိသည်။ ပရဟိတကောင်းလေးက ဘာဖော်နေတာလဲဟု မေး၍ တစ်ဦးရပြီ၊ နှစ်ဦးကျန်သေးတယ်ကွာဟု ဖြေလိုက်ရာ စိတ်မကောင်းဘူးဗျာ။ အဖွဲ့တွေဆီ ခဏသွားဦးမယ်။ အစ်ကို ဘယ်နှဦးရှိလဲ မေးသဖြင့် ၁၀ ဦး လောက်ရှိမယ်ဟု ဖြေလိုက်ပြီး အုတ်ပုံဆက်ဖယ်ကြသည်။ ခဏကြာသော် အုတ်ပုံပေါ်သို့ ပရဟိတ ကောင်လေးတွေ တက်လာပြီး အစ်ကိုကြီး ထမင်းထုပ်လေးတွေ ယူထားပါဦးဗျာဟု ဆိုလာသဖြင့် ဆင်း၍ ယူဖြစ်သည်။ ထမင်းလေးတော့ စားလိုက်ကြပါဦး နေမြင့်နေပြီဗျာဟု ပရဟိတကောင်လေးက ပြောသွားသေးသည်။ ကျေးဇူးတင်ကြောင်း ပြောပြီး ဆက်ဖော်ကြသည်။ ဖော်ယူသယ်ဆောင်အပြီးတွင် အနောက်တဲထဲ၌ ခဏနားပြီး ထမင်းထုပ်ကို မျှစားကြသည်။ စားသာစားသည် ဘာမှန်းမသိ။ ပရဟိတကောင်လေးများ နောက်တစ်ကျော့လာ၍ အချိုရည်ပေးပြန်သည်။ အချိုရည်တော့ သောက်မှဖြစ်မည်။ ချွေးထွက်ကလည်း လွန်နေပြီ။ ညမအိပ်ရသည်မှာ နာရီ ၃၀ ကျော်လာပြီဖြစ်၍ သမီးနှင့် မိသားစုကို နှုတ်ဆက်အားပေးပြီး အိမ်ပြန်ခဲ့သည်။ တောင်သမန်ပတ်လမ်းမှတစ်ဆင့် ပြန်ခဲ့သည်။ ပုထိုးတော်ကြီး၊ ဘကြီးတော်ဂူ၊ ဦးပေါ်ဦးဘုရားတို့ ထိခိုက်သည်။ အစားထိုးမရသည့် ဆုံးရှုံးမှုများဖြစ်သည်။ ငယ်စဉ်က ပုထိုးတော်ကြီးဘုရားတွင် စာကျက်သည်။ ဘကြီးတော်ဂူတွင် စာကျက်သည်။ ဦးပိန်တံတားပေါ်တွင် စာကျက်သည်။ တစ်နေကုန် လူသူလေးပါးမရှိ တိတ်ဆိတ်လှသော နေရာများမို့ စာရလွယ်ခဲ့သည်။ ယခုမူ လူသွားလူလာများလှသည်။

ထိုမှ တမာတန်းကို ဖြတ်ခဲ့သည်။ အေးမြသော တမာရိပ်ကြောင့် အတိတ်ကို လွမ်းမိသည်။ နေ့စဉ်ညစဉ် ဖြတ်ခဲ့သော၊ သွားခဲ့သော တမာတန်းလေးဖြစ်သည်။ ထိုမှ ရန်ကုန်-မန္တလေးလမ်းမမှတစ်ဆင့် ပြန်ခဲ့သည်။ အပျက်အစီးများက မမြင်ရက်စရာ မြင်မကောင်း၊ ရှုမကောင်း။ ကျွန်တော်တို့၏ မန္တလေးတက္ကသိုလ်ပင်မဆောင်ကြီး မီးခခဲ့သည်။ အိမ်သို့သာ ပြန်ရောက်လာသည်။ လူကနေ၍မကောင်းချင်တော့၊ ခဏနား၍ ရေချိုးသည်။ ထမင်းမစားချင်တော့ အချိုရည်သာ သောက်သည်။ ညမှောင်လာပြီ ကလေးများ အိမ်ထဲ မဝင်ရဲကြ။ လမ်းပေါ်တွင် လူကြီး၊ လူငယ်များ ထွက်ထိုင်နေကြသည်။

အိမ်ရှေ့လမ်းပေါ်တွင် အခင်းသေချာစွာခင်း၍ မအိမ်သူ ချုပ်ထားသော လူ ၁၀ ဦးကျော် အိပ်၍ရသည့် ခြင်ထောင်ကြီးကို ထောင်သည်။ အိမ်နားမှ သက်ကြီးဝါကြီးများနှင့် ကလေးများကို နေရာပေးသည်။ ခြင်ထောင်ထဲတွင် ထိုင်၍ စကားပြော၊ အိပ်ချင်လျှင်လည်း အိပ်၍ရသည်။ အိမ်နီးချင်းအားလုံး လမ်းပေါ်ထွက်လာသဖြင့် ခြင်ထောင်ထောင်၊ ထိုင်ခုံချ၊ ရေအိုး၊ ရေနွေးများဖြင့် စုလာကြသည်။ ကျွန်တော်လည်း ပင်ပန်းလွန်းသဖြင့် လမ်းပေါ်တွင် ပစ်လှဲ၍ အနားယူရင်း နိုးတစ်ဝက်ဖြင့် အိပ်စက်ခဲ့ရသည်။

နံနက် ရောင်နီလာသည်နှင့် ထ၍ အိမ်ပေါ်ထပ်သို့ တက်သည်။ ပြန့်ကျဲနေသော စာအုပ်များကို အရွယ်တူစု၍ ပုံသည်။ ပြုတ်ထွက်ပြန့်ကျဲကုန်သော စာအုပ်ဟောင်းမှ စာရွက်များကိုလည်း သီးခြားထပ်ထားသည်။ မိမိဖတ်ရန် သီးခြားထပ်ထားသော စာအုပ်များလည်း ရောကုန်ပြီဖြစ်သည်။ သေချာစွာ ပြန်စီဖို့ အချိန်ထပ်ပေးရဦးမည်။ စာအုပ်များကို အခန်းထောင့်တွင် ပုံသည်။ စာအုပ်စင်ကြီးကို ပြန်ထောင်သည်။ ပြီးလျှင် စက်မှု(၁၁)ထဲမှ ပျက်စီးသွားသော တိုက်ခန်းမှ ပစ္စည်းများ ပြန်သယ်ရန် စက်မှုဘက်သို့ သွားသည်။ တိုက်ခန်းအဖော်များမှ ပစ္စည်းယူ၍ ရသူများ ယူသွားကြပြီဖြစ်သည်။ အောက်ထပ်ကားပါကင် ကျွံကျ၍ ၂၀ ဒီဂရီကျော် စောင်းနေသော ကားပါကင်ပါ ငါးထပ်အဆောက်အအုံ၏ အပေါ်ထပ် တတိယထပ်သို့ တက်၍ ရသမျှ ပစ္စည်းချပေးမည့် အလုပ်သမားရှာရသည်။ ဦးစားပေး ချပေးရမည့် ပစ္စည်းများကြည့်ရန် ပထမဝရန်တာမှ ကျော်တက်၍ အထပ်ထပ်သို့ တက်ရသည်။ လှေကားမှာ ကျွံကျသွားပြီဖြစ်သည်။စောင်းနေသောတိုက်၏ မိမိအခန်းရောက်သော် အထဲသို့ ဝင်လိုက်သည်နှင့် စောင်းနေသော ကြမ်းခင်းမှ လျှောက်ရင်း မိုက်ခနဲ ဖြစ်သွားသည်။ ကြမ်းပြင်လှုပ်နေသလို တိုက်ကလှုပ်သလို ခံစားရသည်။ ဦးစားပေးညွှန်ပြပေးပြီး အမြန်ပြန်ဆင်းရသည်။

အလုပ်သမားများက အပေါ်ထပ်မှ ကြိုးဖြင့် ပစ္စည်းများ ချပေးသည်။ တချို့ ပြုတ်ကျ၍ ကွဲပြဲကုန်သည်။ တက်ကြည့်ရန် ပြောသော်လည်း ထပ်တက်ရန် မရဲတော့။ သူတို့ချပေးသမျှ ကားပေါ်တင် ယူခဲ့ရသည်။ အပေါ်တွင် မကျန်တော့ကြောင်းပြောသည်။ တဖြည်းဖြည်း စဉ်းစားမှ သိသည်။ အိမ်ပေါ်တွင် ပစ္စည်းတော်တော် ကျန်နေသေးသော်လည်း မရတော့။ ယခု နန်းဦးလွင်အိမ်တွင် ပစ္စည်းများ အလုပ်၊ ကုန်းကြမ်းများဖြင့် ဖြစ်သလို နေရတော့မည်။ ငလျင်ကတော်တော်ရက်စက်သည်။ အသက်အန္တရာယ်မဖြစ်သည်ကပင် ကျေးဇူးတင်ရမည်။

စာအုပ်စင်မှ မှတ်စုစာအုပ်ဟောင်းတစ်အုပ် တွေ့ရသည်။ လွန်ခဲ့သော ၁၀ နှစ်ကျော်က မှတ်သားခဲ့သော စာအုပ်ဖြစ်သည်။ ငလျင်အကြောင်း မှတ်စုများဖြစ်သည်။ တက္ကသိုလ်ကျောင်းသားဘဝက ဘူမိဗေဒမှ သူငယ်ချင်း ဗိုလ်ရဲသိန်း(တပ်မတော်ပညာရေး)နှင့် စစ်ကိုင်းပြတ်ရွှေ့ကြောကို သွားရောက်လေ့လာခဲ့ချိန်က မှတ်ခဲ့ခြင်းဖြစ်သည်။ သည်စစ်ကိုင်းပြတ်ရွှေ့သည် တစ်နှစ်လျှင် ၁ ဒသမ ၅ စင်တီမီတာခန့် ရွေ့သည်ဆို၏။ တိုင်းတာမှတ်သားထားသည်များလည်း တွေ့ရသည်။ စစ်ကိုင်းပြတ်ရွှေ့ဇုန်သည် မိုင်ဝက်ခန့် ကျယ်ပြီး ပြတ်ရွှေ့ငယ်များ ပါဝင်သည်ဟု ဆိုသည်။ ပြတ်ရွှေ့ဇုန်၏ အရှေ့ဘက်ခြမ်းသည် တောင်ဘက်သို့လည်းကောင်း၊ အနောက်ဘက်ခြမ်းသည် မြောက်ဘက်သို့ လည်းကောင်း လွန်ခဲ့သော နှစ် ၁၅ သန်းခန့်ကစပြီး ရွေ့လျားလျက်ရှိသည်ဟု မှတ်သားခဲ့ရဖူးသည်။

၁၈၃၉ တွင် အင်းဝငလျင်သည် စနေနေ့ နံနက် ၄ နာရီတွင် လှုပ်ခဲ့သည်။ ဗန်းမော်မှ ရန်ကုန်ထိ သိသာစွာ ခံစားရသည်။ တစ်နေ့တည်း ပြင်းထန်စွာ နှစ်ကြိမ်လှုပ်သည်။ ထိုငလျင်ကြောင့် အင်းဝ၊ အမရပူရ၊ စစ်ကိုင်းတို့တွင် လူ ၃၀၀မှ ၄၀၀ အထိ သေဆုံးခဲ့ပြီး အုတ်တိုက်အားလုံးနီးပါးနှင့် စေတီ၊ ပုထိုးများ ပြိုခဲ့သည်။ ၆ လခန့်အထိ နောက်ဆက်တွဲ ငလျင်များ လှုပ်သည်။ ထိုစဉ်က မန္တလေးမြို့ မတည်ရသေးဟု နိုင်ငံခြားသားတစ်ဦး၏ မှတ်တမ်းတွင် တွေ့ရသည်။ ၁၉၁၂ တွင် မေမြို့(ယခုပြင်ဦးလွင်) ငလျင်လှုပ်သည်။ ၁၉၅၆ တွင် စစ်ကိုင်းငလျင်လှုပ်သည်။ ဇူလိုင် ၁၆ တွင် လှုပ်ခြင်းဖြစ်သည်။ ရစ်ချ်တာစကေး ၆ ဒသမ ၇၅ ရှိသည်။ စစ်ကိုင်းတွင် အပျက်အစီးများပြီး လူ ၄၀မှ ၅၀အထိ အသေအပျောက်ရှိခဲ့သည်။ စစ်ကိုင်းတံတားအဆက်တစ်ခု ရွေ့လွဲခဲ့သည်။ မန္တလေးတွင် အပျက်အစီး နည်းခဲ့သည်။ ကမ္ဘာမြေကို Dynamic Earth ဟုခေါ်သည်။ အစဉ်သက်ဝင်လှုပ်ရှားနေသည့် ကမ္ဘာဟု ဆိုလိုသည် မြေပြို၊ မီးတောင်ပေါက်ငလျင်တို့သည် Dynamic ကို သိသာစေသည်။

ငလျင်လှုပ်က ငလျင်နှင့်တွဲ၍ ပါလာသော အန္တရာယ်မှာ မီးလောင်ခြင်း၊ အဆောက်အအုံပိရာမှ လျှပ်စစ်ရှော့ဖြစ်ခြင်း၊ ထရန်စဖော်မာများ ပေါက်ကွဲခြင်း၊ ဓာတ်ဆီလှောင်ကန်များ ပေါက်ကွဲခြင်း၊ စက်ရုံနှင့် အဏုမြူဓာတ်ပေါင်းဖိုများ ပေါက်ကွဲခြင်း၊ ဆည်များကျိုးပေါက်ခြင်းနှင့် ရေသန့်မိလ္လာပိုက်များကျိုးပေါက်ခြင်းကြောင့် ရောဂါများခြင်းတို့ ဖြစ်နေသည်။ ကျွန်တော့်မှတ်စု၌ မြန်မာတွင် ငလျင်လှုပ်စေသောအက်ကြောင်း၊ မန္တလေးတွင် ငလျင်လှုပ်စေသောအကြောင်းနှင့် လှုပ်ခဲ့သော ငလျင်ဇယားများ များစွာတွေ့ရသည်။ ထိုအထဲမှ အချက်တစ်ချက်ကို ဖော်ပြလိုပေသည်။

ရုတ်တရက် တုန်ခါခြင်းကြောင့် ရေဝနေသော အနည်အနှစ်များ၊ မြေနုများသည် ကျစ်လျစ်သည့် အနေအထားမှ အရည်ပျော်ကာ မြေသားအရည်လည်ခြင်း Liquefaction ဖြစ်တတ်သည်။ ငလျင်လှုပ်မှုကြောင့် မြေသားတွဲဆက်မှုလျော့နည်းစဉ် အောင်းရေဝင်ရောက်မှုကြောင့် ဖြစ်သည်။ မြေသားအရည်လည်ခြင်းကြောင့် မြေပိမှု၊ မြေစောင်းခြင်း၊ မြေနိမ့်ကျွံခြင်းများ ဖြစ်တတ်သည်။ အဆောက်အအုံများ ကျွံခြင်း၊ လဲခြင်း၊ နစ်ခြင်းများ ဖြစ်တတ်သည်။ သတိပြုရမည့်အချက် ဖြစ်ပေသည်။ ငလျင်ဆိုင်ရာမှတ်စုများ များစွာကို မှတ်ထားမိသော စာအုပ်လေးပြန်တွေ့သဖြင့် မိသားစုအား ဗဟုသုတအဖြစ် ပြန်လည်ပြောပြဖြစ်သည်။ သာမန်ထက်ပိုသော ထူးကဲပူပြင်းခြင်း(ရာသီဥတု) ရေတွင်းထဲမှ ရေများ နိမ့်ကျသွားခြင်း၊ တိရစ္ဆာန်များ ပုံမှန်မဟုတ်သော အပြုအမူများဖြစ်ခြင်း၊ (ဥပမာ-ငှက်၊ မြေတွင်းအောင်းသတ္တဝါ)တို့ကို ကြည့်၍ ငလျင်ခန့်မှန်းနိုင်ကြောင်းလည်း ပြောပြဖြစ်သည်။ မန္တလေးငလျင်ကြီးကြောင့် မေ ၂၁ ရက်အထိ စာရင်းအရ သေဆုံးသူ ၃၇၃၉ ဦး၊ ဒဏ်ရာရသူ ၅၁၀၄ ဦးနှင့် ပျောက်ဆုံးသူ ၆၈ ဦးရှိကြောင်းလည်း MRTV က ထုတ်ပြန်ထားကြောင်း ပြောပြဖြစ်သည်။ မန္တလေးငလျင်ကြီးကြောင့် သေဆုံးဒဏ်ရာရမှုများနှင့် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခြင်းနှင့်အတူ စီးပွားရေးလုပ်ငန်းဆောင်ရွက်မှုများ နှောင့်နှေးခဲ့ရသည်။ ပြည်သူလူထု စီးပွားရေးကျပ်တည်းမှုများဖြစ်ပေါ်ခဲ့ရသည်။ ထို့ကြောင့် ပြန်လည်ထူထောင်ခြင်းလုပ်ငန်းများ၊ စီးပွားရေးပြန်လည်ကုစားမှုများ လုပ်ဆောင်ရန်အတွက် ယနေ့ကာလသည် လွန်စွာလိုအပ်နေပြီ ဖြစ်သည်။ စိတ်ပိုင်းဆိုင်ရာ ကုစားမှုများလည်း လိုအပ်ချက်ရှိနေကြောင်း တွေ့ရပေသည်။ မိမိတို့မိသားစု ကြုံတွေ့နေရသော အခက်အခဲထက် အဆပေါင်းများစွာ ခက်ခဲနေသော မိသားစုများ များစွာရှိနေသေးသည်ကိုလည်း တွေ့မြင်ရသည်။ ငလျင်ဘေးအလွန်တွင် ..... ။

နိုင်ဗလ

ရိုးရာယဉ်ကျေးမှုအမွေကဏ္ဍ

# ရိုးရာယဉ်ကျေးမှုကို ချစ်မြတ်နိုးကာ အသက်အရွယ်အလိုက် ဆံရစ်ဝိုင်းဆံပင်ပုံစံအမျိုးမျိုးဖြင့် လက်ဆင့်ကမ်းထိန်းသိမ်းခဲ့ကြသည့် ကလေးငယ်များ



မြန်မာနိုင်ငံအလယ်ပိုင်းက ရွာလေးတစ်ရွာတွင် မြန်မာ့ရိုးရာယဉ်ကျေးမှု အမွေအနှစ်တစ်ခုဖြစ်သည့် ဆံရစ်ဝိုင်းဆံပင်ပုံစံများကို တန်ဖိုးထားကာ ဘိုးဘွားစဉ်ဆက် ယောက်ျားလေးရောမိန်းကလေးများပါ အရွယ်စုံအသက်အရွယ်အလိုက် လက်ဆင့်ကမ်းထိန်းသိမ်းလာခဲ့ကြကြောင်း သိရသည်။

ရွာလေးရဲ့ နာမည်က ရေပုတ်ကြီးလို့ခေါ်ပြီး မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမြို့နယ်ထဲမှာတည်ရှိကာ ယခင်လမ်းပန်းဆက်သွယ်ရေး ခက်ခဲသော်လည်း ယခုအခါ လမ်းများကောင်းမွန်နေပြီး ကားဖြင့်သွားပါက မိနစ် ၂၀ သာမောင်းရသည်။ ရေပုတ်ကြီးရွာလို့ ဆိုလိုက်လျှင် ဆံရစ်ဝိုင်းနဲ့တွဲပြီး သိကြကြောင်း၊ တစ်ရွာလုံးမှာရှိတဲ့ မိန်းကလေး၊ ယောက်ျားလေးများဟာ ရင်ခွင်ပိုက် နို့စို့အရွယ် ကလေးငယ်ဘဝကတည်းက ဆံရစ်ဝိုင်းပုံ ရိုးရာဆံပင်ပုံစံများ ထားကြတဲ့ဓလေ့ရှိပြီး အခုလောလောဆယ်ရွာထဲတွင် ဆံရစ်ဝိုင်းထားသူ စုစုပေါင်း ၇၀၀ ကျော်ရှိကြောင်း၊ မိန်းကလေးတွေထားတဲ့ ဆံပင်ပုံစံကို ဆံရစ်ဝိုင်းလို့ခေါ်ကာ ယောက်ျားလေးတွေရဲ့ ဆံပင်ပုံစံကိုတော့ သျှောင်ပေစူးလို့ခေါ်ကြောင်း ရွာသူ၊ ရွာသားများက ပြောသည်။

‘ရေပုတ်ကြီးရွာသူ မပြုံးပြုံးရီက ကျွန်မတို့ရွာက လသားအရွယ် ကလေးငယ်များကစလို့ ငယ်ထိပ်ပေါ်မှာ ဦးစွန်းဖုတ်လို့ခေါ်တဲ့ ဆံပင်ပုံစံကို စထားကြပြီး အဲဒီဆံပင်ပုံစံကိုကြည့်ကာ သူဟာ မိခင်ရဲ့ရင်ခွင်မှာ ခိုလှုံနေတဲ့ ကလေးအရွယ်သာ ရှိပါသေးတယ်လို့ ဖော်ပြတာဖြစ်ပါတယ်။ ကလေးတွေ သုံးနှစ်၊ လေးနှစ် အရွယ်ရောက်ပြီဆိုရင်တော့ အဲ့ဒီဆံပင်လေးကို ကြက်တောင်စည်းလေးစည်းလာကြလို့ ဒါဟာမိခင်ရင်ခွင်မှာ နို့စို့နေတဲ့အရွယ်ကနေ ကင်းလွတ်ပြီး လမ်းလျှောက်ကစားနိုင်တဲ့ အရွယ်ရောက်ပြီလို့ ဖော်ပြတဲ့သဘောဖြစ်ပါတယ်။ တစ်ခါအသက် ၉နှစ်၊ ၁၀နှစ်အရွယ်ရောက်တဲ့အခါ ကြက်တောင်စည်းတွေရှည်လာပြီး မိန်းကလေးတွေက ခေါင်းပေါ်မှာဆံထုံးလေးတွေ ထုံးလို့ရလာကြပြီး ယောက်ျားလေးတွေကလည်း သျှောင်ပေစူးလေးတွေ စထုံးလို့ ရလာကြပါပြီ။ အဲဒါက သားတို့၊ သမီးတို့ဟာ ကျောင်းနေအရွယ်ရောက်ကြပါပြီလို့ ဆံပင်ပုံနဲ့ ပုံဖော်ပြသတာ ဖြစ်ပါတယ်’

‘အဲ့ဒီက တစ်ဆင့် မိန်းကလေးတွေ ၁၅နှစ်၊ ၁၆ နှစ်အရွယ်ရောက်တော့ ဂျပန်ဆံထောက်လို့ခေါ်တဲ့ ဆံထောက်ဆံပင် ထားကြပါတယ်။ အဲဒီဆံပင်ပုံကိုကြည့်ပြီး ဒီမိန်းကလေးတွေဟာ ကလေးဘဝအရွယ် ကျော်လွန်လို့ အပျိုဖော်ဝင်စ အရွယ်ပါလို့ ဆံပင်ပုံစံကြည့်ပြီး အပျို၊ အအို ခွဲနိုင်ခဲ့ပါတယ်။’

‘၁၇နှစ်၊ ၁၈နှစ်ရောက်တော့ ဂျပန်ဆံထောက်မှ နောက်ကောက်လို့ခေါ်တဲ့ နားနောက်မှာ ဆံထောက်ကွေးလေးတွေထားတဲ့ ပုံစံပြောင်းထားကြပါတယ်။ ဒီမိန်းကလေးက အပျိုလေးဖြစ်ပါပြီ၊ ချစ်ချင်သူတွေ ချစ်လို့ရပါပြီ၊ ပိုးချင်ပန်းချင်သူတွေလည်း ပိုးပန်းလို့ရပါပြီလို့ အဲဒီဆံပင်က ကိုယ်ပြောချင်တဲ့စကားကို နှုတ်ကနေဖွင့်ဟာ မပြောဘဲ ဆံပင်လေးတွေနဲ့ ပုံဖော်ပြောဆိုခြင်းများသာ ဖြစ်ပါတယ်။ အိမ်ထောင်ကျသွားတဲ့ အမျိုးသမီးတွေကတော့ ဆံရစ်ဝိုင်းလေးတွေဖြုတ်လိုက် ပြီး ဆံပင်ကို အုပ်လုံးသိမ်းလိုက်ကြပါတယ်။ ဆိုလိုတာက သူ့မှာ အုပ်ထိန်းသူ လင်ယောက်ျားရှိပါပြီ၊ ပိုးပန်းချင်သူတွေ မချစ်ကြ၊ မပိုးပန်းကြပါနဲ့တော့လို့ ဆိုလိုတဲ့အကြောင်း အဘွားကပြောပြခဲ့ပါတယ်’ဟု ရွာမှကာလသမီးခေါင်းဆောင်တစ်ဦးဖြစ်သူ မပြုံးပြုံးရီက ပြန်လည်ပြောပြသည်။

‘သူကဆက်လက်ပြီး သူငယ်ငယ်တုန်းက အနီးဝန်းကျင်က ရွာတွေသွားတဲ့အခါ ဆံရစ်ဝိုင်းနဲ့ ဆံပင်ပုံကို ကြက်ချေးပုံ နွားချေးပုံခေါင်းမှာ တင်ထားတာလို့ စကြ နောက်ကြတာ အများနဲ့မတူတဲ့ ဆံပင်ပုံစံများကြောင့် ငယ်စဉ်က စတာ၊ နောက်တာ ခံရတဲ့အခါ ဒီဆံပင်ပုံ မထားချင်တော့တဲ့ စိတ်တွေဖြစ်ခဲ့ပြီး ဒီဆံရစ်ဝိုင်း ဆံပင်ပုံစံကို ဘာကြောင့်များ ထားပေးရတာလဲ၊ ဒီဆံပင်ပုံကို မထားချင်တော့ဘူးလို့ မိဘတွေကို ပြန်ပြောမိခဲ့ပါတယ်။ အဲဒီအခါ အဘွားက သူများကဲ့ရဲ့တာတွေ ဂရုမစိုက်ဖို့နဲ့ တို့အဘိုး၊ အဘွား လက်ထက်ကတည်းက အစဉ်အလာမပျက်ထားခဲ့တဲ့ ရိုးရာယဉ်ကျေးမှုကို ထိန်းသိမ်းတဲ့အနေနဲ့ ဆံရစ်ဝိုင်းလေးတွေထားတာပါလို့ ရှင်းပြခဲ့လို့ အခုတော့ နားလည်သွားပါပြီလို့’ သူမက ပြောပြသည်။

ထို့ကြောင့် ရိုးရာယဉ်ကျေးမှုကို ချစ်ခြင်းသည် လူမျိုးကို ချစ်ရာရောက်သည်။ လူမျိုးကိုချစ်ခြင်းသည် နိုင်ငံကိုချစ်ရာရောက်သဖြင့် အနာဂတ် လူငယ်၊ လူရွယ်ကလေးများ ကိုယ့်နိုင်ငံနှင့် ကိုယ့်လူမျိုးကို အမြဲချစ်နိုင်ဖို့ ကိုယ့်ရိုးရာ၊ ကိုယ့်ယဉ်ကျေးမှုကို တန်ဖိုးထားထိန်းသိမ်းကြစေချင်ပါတော့သည်။

ဦးဝင်းနိုင်(ဓာတ်ပုံကျွမ်းကျင်-၂)

## ရိုးရာအမွေအနှစ်ကိုထိန်းသိမ်းသည့်အနေဖြင့် ကျေးလက်တောရွာများတွင် သယ်ယူပို့ဆောင်ရေးယာဉ်အဖြစ် ယနေ့တိုင်ပြုလုပ်သုံးစွဲနေသည့် ကုန်တင်လှည်း

မြန်မာနိုင်ငံတွင် ပြုလုပ်သုံးစွဲသည့်လှည်း(၇)မျိုးရှိပြီး ၎င်းတို့မှာ-

၁။ **လှည်းယဉ် ခြောက်စထောင်** ပွတ်လုံး ရုံတိုင်တို့နှင့် လှည်းအိမ်ကို အလှအပပြင်ဆင်မွမ်းမံထားသည့် အလှစီးယာဉ်တစ်မျိုး ဖြစ်သည်။

၂။ **ပေါင်းမိုးလှည်း** နေ၊ မိုးတို့ကိုကာကွယ်ရန် အမိုးတပ်ထားသည့်လှည်းကြီး။

၃။ **ခြံအိမ်လှည်း** လှည်းကြမ်းဖြစ်ပြီး ကုန်တင်သည့်လှည်း။

၄။ **လှည်းမီးတို** ခြံအိမ်မပါဘဲ ပျဉ်ချောင်း၊ သစ်ချောင်း၊ ဝါးတို့ကို သယ်ဆောင်သည့်လှည်း။

၅။ **ရေစည်လှည်း** လှည်းအိမ်ပေါ်တွင် ရေစည်လုံး၊ ပေပါလုံးများတင်ဆောင်ပြီး ရေတိုက်သည့်လှည်း။

၆။ **ဘုံလျှိုလှည်း** လှည်းအိမ်ကို အမြင့်ပြုလုပ်ထားပြီး အတွင်း ဘက်၌ အံဖုံးရှိသောလှည်း။

၇။ **မယားကန်လှည်း** လင်နှင့်မယား ခရီးသွားသော် နောက်ကလိုက်သူမယားက ရှေ့ကလှည်းမောင်းသူလင်အား ခြေဖြင့်ကန်ထားသလို ရှေ့နိမ့် နောက်မြင့် ပြုလုပ်ထားသည့် လှည်းတို့ဖြစ်ကြသည်။

ထိုလှည်း (၇)မျိုးအနက်မှ ခြံအိမ်လှည်း(ခေါ်)ကုန်တင်လှည်းသည် တောင်သူတို့ စိုက်ပျိုးသည့်သီးနှံများကို ရိတ်သိမ်းပြီးနောက် သယ်ယူရန်အတွက်လည်းကောင်း၊ သစ်ဝါးများခုတ်ပြီး သယ်ယူရန်အတွက်လည်းကောင်း၊ အလှူ၊ မင်္ဂလာ၊ ပွဲလမ်းသဘင်များတွင် တစ်ရွာနှင့် တစ်ရွာမိသားစုလိုက်ဖြစ်စေ၊ အများနှင့်ဖြစ်စေ လှည်းတစ်ခုတည်းကိုသာ အားထား၍ သွားလာခဲ့ကြသည်။ ထိုလုပ်ငန်းခွင်သုံးလှည်းများမှာ လှည်းကြမ်းများဖြစ်ကြသည်။ အိမ်တိုင်းလိုလို၌ လှည်းရှိရန် လိုမည်ဖြစ်သော်လည်း လှည်းတစ်စီးဖြစ်အောင် ကိုယ်တိုင်လုပ်နိုင်သည်မဟုတ်၍ လှည်းလုပ်တတ်သူထံမှ ဝယ်ယူ၍အသုံးပြုကြရသည်။

ကျေးလက်တောရွာများ၌ အမျိုးသားတိုင်းလိုလိုပင် အကြမ်းစား ခုတ်ထစ်တပ်ဆင်ရုံမျှသော လက်သမားအတတ်ကို တတ်မြောက်ကြသည်။ သို့သော် ကုန်တင်လှည်းတစ်စီး ဖြစ်မြောက်အောင်တော့ မလုပ်နိုင်ကြပေ။ အိမ်သုံး(သို့မဟုတ်)လုပ်ငန်းခွင်သုံး လှည်းများကို ကျွမ်းကျင်တတ်မြောက်သည့် လက်သမားတို့က လုပ်ကိုင်ကာ ရောင်းချလေ့ရှိကြသည်။

လှည်းဆောက်လုပ်ရာ၌ နည်းစနစ်ရှိလေသည်။ လှည်းသန်၊ ထမ်းပိုးတုံး၊ ဝင်ရိုးတို့၏ အတိုင်းအတာနှင့် အရှည်ပမာဏကို လှည်းဆရာများက အထူးဂရုစိုက်ကြရသည်။ လှည်းပြုလုပ်ရာ၌ နည်းစနစ်ကျနမှန်ကန်မှ လှည်းကောင်းတစ်စီး ဖြစ်လာနိုင်သည်။ လှည်းကောင်းဟုဆိုရာတွင် ကြည့်၍လှပရုံ၊ ကြာရှည်ခိုင်ခံ့ရုံမျှနှင့် လှည်းကောင်းဟု မခေါ်နိုင်သေးပေ။ အမှန်ကောင်းသောလှည်းသည် နွားများ၊ ကျွဲများဆွဲရာ၌ လွယ်ကူသက်သာစေရမည်၊ သူ့အချိုးအစားနှင့်သူ ချိန်သားကိုက် စီမံထားသော လှည်းသည် ကုန်ချိန်မည်မျှပင် လေးသည်ဖြစ်စေ အလေးမျှ၍ ပေပြစ်စွာ လိမ့်ပါသွားခြင်းကြောင့် ရုန်းဆွဲရသော ကျွဲ၊ နွားများကို အများဆုံး သက်သာမှုပေးနိုင်လေသည်။

ကုန်တင်လှည်းများကို အလှူအတန်းနှင့် ပွဲလမ်းသဘင် ရှိသည့်အခါများတွင် တစ်ရွာမှတစ်ရွာသို့ လှည်းများဖြင့် စုပေါင်းသွားလာကြသဖြင့် လှည်းများဝိုင်းဖွဲ့ကာ စခန်းချရပ်နားကြသည်ကို ကျေးလက်တောရွာများ၌ ယခုထိတိုင် တွေ့မြင်နိုင်သေးသည်။ လှည်းသည် တောင်သူလယ်သမားတို့၏ စီးပွားဘက်ကုန်ထုတ်ပစ္စည်းဖြစ်သလို ဘိုး၊ ဘွား၊ ဘီ၊ ဘင်များ သုံးစွဲခဲ့သော ရိုးရာအမွေအနှစ် ပစ္စည်းဖြစ်သောကြောင့် ရှေးမြန်မာမင်းများ နန်းတည်ခဲ့သော ပင်းယ၊ အင်းဝ၊ ကုန်းဘောင်၊ ပုဂံ၊ ရတနာပုံခေတ်များမှ ယနေ့အထိ ကုန်တင်လှည်းကို သယ်ယူပို့ဆောင်ရေးယာဉ်အဖြစ်တွင်ကျယ်စွာ ပြုလုပ်သုံးစွဲနေကြပါသည်။

(၅၀၄)



# မုတ်သုံလေ အားကောင်းနေခြင်းကြောင့် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေရာကွက်၍ မိုးကြီးနိုင်

နေပြည်တော် မေ ၃၁


ယနေ့ညနေ ၃ နာရီခွဲ တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားကောင်းနေခြင်းကြောင့်လည်းကောင်း၊ အိန္ဒိယနိုင်ငံ အာသံပြည်နယ်ကို ဖြတ်ကျော်ခဲ့သော လေဖိအားနည်းရပ်ဝန်း၏ အကြွင်းအကျန်တိမ်တိုက်များကြောင့် လည်းကောင်း ယနေ့ညနေမှ ဇွန် ၂ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် နေရာကွက်၍မိုးကြီးနိုင်သည်။ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်ပါသည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၉ ပေမှ ၁၃ ပေခန့် ရှိနိုင်သည်။

**အကြံပြုချက်**

သို့ဖြစ်ပါ၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုရှောင်ရှားနိုင်ပါရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေး၊ လေကြောင်းပျံသန်းရေးနှင့် မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန်သတိပေး နှိုးဆော်အပ်ပါသည်။

မိုး/ဇလ

ယနေ့ညနေမှ ၂-၆-၂၀၂၅ ရက်နေ့အတွင်း မိုးလေဝသ သင်္ချာပုံစံပြမော်ဒယ်လ်မှ ခန့်မှန်းထားသည့် မိုးရွာသွန်းမှုအခြေအနေ ခန့်မှန်းချက်ပြပုံ




# ဇွန်လ ပထမ(၁၀)ရက်ပတ်အတွက် မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်

နေပြည်တော် မေ ၃၁

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

အနောက်တောင်မုတ်သုံလေသည် ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် အားအသင့်အတင့်မှ အားကောင်းနိုင်သည်။

**မိုးအခြေအနေနှင့် မိုးရွာရက်**

မိုးရွာသွန်းမှုအခြေအနေမှာ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး(အရှေ့ပိုင်း)၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်းနှင့်အရှေ့ပိုင်း)တို့တွင် ရွာသွန်းမြဲထက်ပိုနိုင်ပြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း)၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ကယားပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်သည်။

ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် ခုနစ်ရက်မှ ကိုးရက်ခန့်နှင့် နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ကယားပြည်နယ်နှင့် ရှမ်းပြည်နယ် (မြောက်ပိုင်း)တို့တွင် လေးရက်မှ ခြောက်ရက်ခန့် မိုးထစ်ချုန်းရွာနိုင်သည်။

**မြစ်ရေအခြေအနေ**

ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့၊ ရွှေကူမြို့၊ ကသာမြို့နှင့် သပိတ်ကျင်းမြို့တို့တွင် ရှစ်ပေမှ ၁၃ ပေခန့်၊ မန္တလေးမြို့၊ စစ်ကိုင်းမြို့၊ မြင်းမူမြို့၊ ပခုက္ကူမြို့၊ ညောင်ဦးမြို့၊ ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့နှင့် အောင်လံမြို့တို့တွင် ၁၄ ပေမှ ၁၈ ပေခန့်၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် ကိုးပေမှ ၁၁ ပေခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်သည်။

ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့နှင့် ဟုမ္မလင်းမြို့တို့တွင် ခြောက်ပေမှ ရှစ်ပေခန့်၊ ဖောင်းပြင်မြို့၊ မော်လိုက်မြို့၊ ကလေးဝမြို့၊ မင်းကင်းမြို့၊ ကနီမြို့နှင့် မုံရွာမြို့တို့တွင် ၁၅ ပေမှ ပေ ၂၀ ခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်သည်။

မြစ်သာမြစ်ရေသည် ကလေးမြို့တွင် ခုနစ်ပေခန့်၊ ဒုဋ္ဌဝတီမြစ်ရေသည် သီပေါမြို့နှင့် ရွှေစာရံတို့တွင် နှစ်ပေခန့်စီနှင့် မြစ်ငယ်မြို့တွင် ၁၀ ပေခန့်၊ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့နှင့် မဒေါက်မြို့တို့တွင် တစ်ပေခွဲမှ နှစ်ပေခန့်၊ ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် တစ်ပေခန့်၊ ပဲခူးမြစ်ရေသည် ဇောင်းတူမြို့နှင့် ပဲခူးမြို့တို့တွင် နှစ်ပေခန့်စီ၊ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် သုံးပေခန့်၊ သောင်ရင်းမြစ်ရေသည် မြဝတီမြို့တွင် သုံးပေခွဲခန့်၊ ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့တွင် ရှစ်ပေခွဲခန့်နှင့် သာပေါင်းမြို့နှင့် ပုသိမ်မြို့တို့တွင် တစ်ပေမှ နှစ်ပေခန့်၊ တိုးမြစ်ရေသည် မအူပင်မြို့တွင် တစ်ပေခန့်နှင့် ဘီးလင်းမြစ်ရေသည် ဘီးလင်းမြို့တွင် နှစ်ပေခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်သည်။

မိုး/ဇလ

# ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲကြီး ၉၈၁ ဧက စိုက်ပျိုးမည်

ပွင့်ဖြူ မေ ၃၁

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင် ၊ ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲကြီး ၉၈၁ ဧက လျာထားစိုက်ပျိုးသွားမည်ဖြစ်ကြောင်း ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပွင့်ဖြူမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် ပဲကြီး ၉၈၁ ဧက စိုက်ပျိုးရန် လျာထားပြီး ဇွန်လမှစတင်၍ စက်တင်ဘာလအထိ စိုက်ပျိုးသွားမည်ဖြစ်ကာ လက်ရှိတွင် သီးနှံအချိန်မီ စိုက်ပျိုးနိုင်ရေးအတွက် လယ်ယာမြေထွန်ယက် ပြုပြင်ခြင်းများ ဆောင်ရွက်လျက်ရှိသည်။

'ဒီနှစ် မိုးသီးနှံ စိုက်ပျိုးရာသီ ပွင့်ဖြူမြို့နယ်မှာ ပဲကြီး ၉၈၁ ဧက စိုက်ပျိုးဖို့ လျာထားပါတယ်။ လက်ရှိမှာ ပဲကြီး အချိန်မီ စိုက်ပျိုးနိုင်ဖို့အတွက် လယ်ယာမြေများ ထွန်ယက်ပြုပြင်မှုတွေ ဆောင်ရွက်နေကြပါတယ်။ လျာထားစိုက်ဧက ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ကြိုးကြပ်ဆောင်ရွက်သွားပါမယ်။ သီးနှံအရည်အသွေးနဲ့ အထွက်နှုန်းကောင်းဖို့အတွက် လိုအပ်တဲ့စိုက်ပျိုးရေးနည်းစနစ်များ၊ မျိုးကောင်းမျိုးသန့်များ၊ စိုက်ပျိုးရေးသွင်းအားစုတွေ စနစ်တကျ သုံးစွဲကြဖို့ စတဲ့ တောင်သူပညာပေးလုပ်ငန်းတွေကို တောင်သူတွေနဲ့ ပူးပေါင်းပြီးတော့ ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်' ဟု ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောပြသည်။

ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံပဲကြီးစိုက်ပျိုးတောင်သူများကို စိုက်ပျိုးရေးဦးစီးဌာနက စိုက်ဧကများ တိုးချဲ့စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းများကောင်းမွန်ရေး၊ GAP နည်းစနစ်ဖြင့် စိုက်ပျိုးနိုင်ရေး၊ ဒေသနှင့် ကိုက်ညီသော အထွက်နှုန်းကောင်းသည့် မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေး၊ ပိုးမွှားရောဂါကင်းရှင်းစေရေး၊ ရိတ်သိမ်းချိန်လွန်နည်းပညာများ လိုက်နာဆောင်ရွက်ရေးစသည့် စိုက်ပျိုးရေးအသိပညာပေး လုပ်ငန်းများကို ပံ့ပိုးကူညီဆောင်ရွက်ပေးသွားမည် ဖြစ်သည်။

ပဲကြီးသီးနှံကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ပြည်တွင်းစားသုံးမှုကို ဖူလုံပိုလျှံစေရုံသာမက ပိုလျှံမှုကို ပြည်ပသို့တင်ပို့ရောင်းချနိုင်မည်ဖြစ်၍ ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ပဲကြီးကို တိုးချဲ့စိုက်ပျိုးနိုင်ရန် ဒေသမရွေး ကြိုးပမ်းစိုက်ပျိုးသင့်ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောသည်။

(၄၄၅)


## အများသိစေရန်ကြေညာခြင်း

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ လမ်း၆၀နှင့် ၃၃ဘီလမ်းထောင့်နေ ဦးခင်မောင်ကြည်(ခ)အောင်အောင်(ဘ)ဦးထွန်းနိုင်(၉/မကန(နိုင်)၀၇၄၉၂၇)ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။

မန္တလေးမြို့၊ ပုသိမ်ကြီးမြို့နယ်၊ စည်သာယာရပ်ကွက်၊ အကွက်(၄၉၇) ဦးပိုင်အမှတ် (စ-၄၇၄)အမည်တွင်သော ဦးမြသောင်းအမည်ဖြင့်ချထားပေးသည့် တိုးချဲ့မြေကွက်သစ်(၄၀×၆၀)ပေ အတွင်းမှအနောက်ဘက်ဆုံးအပိုင်း အကျယ်အဝန်း(၁၅×၄၀)ပေကျယ်ဝန်းသည့်မြေကွက်နှင့် (၂)ထပ်အဆောက်အအုံ၊ လျှပ်စစ်မီးမီတာနှင့် အဝီစိတွင်းအပါအဝင် နေထိုင်ပိုင်ဆိုင်ခွင့် လွှဲပြောင်းရောင်းချပိုင်ခွင့်အရပ်ရပ်တို့ကို လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဦးမြသောင်းထံမှအရပ်ကတိစာချုပ်အဆက်ဆက်ကိုယ်စားလှယ်လွှဲစာအဆင့်ဆင့်တို့ဖြင့် လက်ရောက်ရရှိပိုင်ဆိုင်ထားသည်ဟု အဆိုပြုသူ ဦးစန်းဘို(ဘ)ဦးသန်းမောင်(၉/မရမ(နိုင်)၀၀၉၃၀၁)ကိုင်ဆောင်သူ ကျိုကုန်းရပ်ကွက်၊ ပုသိမ်ကြီးမြို့နယ်၊ မန္တလေးမြို့နေထိုင်သူမှ လွှဲပြောင်းရောင်းချပိုင်ခွင့်အပြည့်အဝရှိကြောင်း ပြောဆိုဝန်ခံကတိပြုသဖြင့် ကျွန်ုပ်၏မိတ်ဆွေ ဦးခင်မောင်ကြည်(ခ)အောင်အောင်က ဝယ်ယူရန်သဘောတူညီပြီးဖြစ်သဖြင့် ရောင်းကြေးစရန်ငွေတချို့တစ်ဝက်ကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါစလစ်မြေကွက်၏ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှ(၁၄)ရက်အတွင်း ခိုင်လုံသောအထောက်အထား စာချုပ်စာတမ်းမှုရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးဝဏ္ဏဆွေ(တရားလွှတ်တော်ရှေ့နေ)
(စဉ်-၁၁၅၉၇)

ဦးကျော်ဝဏ္ဏ(အထက်တန်းရှေ့နေ) (စဉ်-၅၆၈၆၁)
ဒေါ်ခင်မိုးဦး(အထက်တန်းရှေ့နေ) (စဉ်-၅၆၈၈၁)

အမှတ်(က-၄/၅၈)၊ ၁၁၁အေလမ်း၊ ၆၈(အေ)လမ်းနှင့် ၆၈(ဘီ)လမ်းကြား၊ အမှတ်(၅)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၉၆၄၄၁၅၁၅၀


# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

နေပြည်တော် မေ ၃၁

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည် ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း မေ ၃၀ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် “Hnoung Hnoung” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ တနင်္သာရီတိုင်းဒေသကြီး လောင်းလုံးမြို့နယ် မောင်းမကန်ကျေးရွာနေ နှောင်းနှောင်းအား ညနေ ၄ နာရီခွဲတွင် ထားဝယ်မြို့ မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ် အရေးယူဆောင်ရွက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်


## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက်နေ မောင်စည်သူအောင်၏ ဖခင်အမည်မှန်မှာ **ဦးမြထွန်း**(၈/ရစက(နိုင်)၁၂၀၉၅၁) ဖြစ်ပါကြောင်း။

**ဦးမြထွန်း**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူ တစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍ မြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံ စိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ "အမျိုးသားစည်းကမ်းအစ စာသင်ကျောင်းက" ဆိုသည့်အတိုင်း မိမိတို့၏တပည့် ကျောင်းသား၊ ကျောင်းသူများကို ကျောင်းစည်းကမ်းလိုက်နာခြင်းကအစပြုပြီး ဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း များကို လေးစားလိုက်နာတတ်သည့် နိုင်ငံကြီးသား အလေ့အကျင့်ကောင်းများ ကိန်းအောင်းလာကြစေရန် ကိုယ်တိုင်လေ့လာတတ်မြောက်ခဲ့သည့် ပညာရပ်များနှင့် လေ့ကျင့်ပေးသွားကြရန်လိုအပ်...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ ၂၅ ရက်နေ့တွင် ပြုလုပ်သော ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် ပညာရေးဘွဲ့ ၅ နှစ် သင်တန်း အမှတ်စဉ်(၆) မှ ကျောင်းသား၊ ကျောင်းသူများကို တွေ့ဆုံအမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

# ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန် အပြည်ပြည်ဆိုင်ရာဆိပ်ကမ်းများ၌ အကောက်ခွန်လုပ်ငန်းဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး

## တရားမဝင်ကုန်ပစ္စည်းများ တင်ပို့၊ တင်သွင်းမှု မရှိစေရေးအတွက် ကုန်ပစ္စည်းစစ်ဆေးမှုလုပ်ငန်းများကို စနစ်တကျဆောင်ရွက်ကြစေလိုကြောင်း ပြောကြား



ရန်ကုန် မေ ၃၁

ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်သည် တာဝန်ရှိသူများနှင့်အတူ ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ အပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်းများဖြစ်သော အေးရှားဝေါလ်ဆိပ်ကမ်း၊ ထီးတန်းဆိပ်ကမ်းနှင့် မြန်မာ့စက်မှု ဆိပ်ကမ်းတို့၌ အကောက်ခွန်ကုန်ပစ္စည်းစစ်ဆေးခြင်းလုပ်ငန်း ဆောင်ရွက်နေမှုများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ အေးရှားဝေါလ်ဆိပ်ကမ်း အစည်းအဝေးခန်းမ၌ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊ အကောက်ခွန်ဦးစီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် အပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်းများမှ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသိန်းဆွေက အပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်းများတွင် အကောက်ခွန်ကုန်ပစ္စည်းစစ်ဆေးခြင်းဆိုင်ရာ လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး တက်ရောက်လာသည့် ဌာနဆိုင်ရာများနှင့် အပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်းများမှ ကိုယ်စားလှယ်များက လုပ်ငန်းဆောင်ရွက်မှု အခြေအနေနှင့် လိုအပ်ချက်များကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ချမှတ်ထားသည့် စီးပွားရေးဦးတည်ချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ပြည်ပပို့ကုန် တိုးမြှင့်တင်ပို့နိုင်ရေး၊ သွင်းကုန်ပစ္စည်းများ စနစ်တကျတင်သွင်းရောက်ရှိရေးနှင့် ဆိပ်ကမ်းဝန်ဆောင်မှုဆိုင်ရာ လုပ်ငန်းများ အဆင်ပြေ ချောမွေ့စေရေးသည် အဓိကအခန်းကဏ္ဍမှ ပါဝင်ကြောင်း၊ ကုန်စည်စီးဆင်းမှု လျင်မြန်ချောမွေ့စေရေး၊ မူးယစ်ဆေးဝါးအပါအဝင် တရားမဝင် ကုန်ပစ္စည်းများ တင်ပို့၊ တင်သွင်းခြင်းများမှ ကာကွယ်တားဆီးနိုင်ရေး၊ မလိုလားအပ်သော အုပ်ချုပ်မှုဆိုင်ရာ အဟန့်အတားများ ဖြေရှင်းဆောင်ရွက်ပေးရေး အတွက် အားလုံး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ပြည်ပပို့ကုန် တိုးမြှင့်တင်ပို့နိုင်ရန်မှာ အရေးကြီးပါကြောင်း၊ သို့ဖြစ်ရာ ပို့ကုန်တင်ပို့မှုလုပ်ငန်းများ ပိုမိုအဆင်ပြေစေရန်၊ သွင်းကုန်တင်သွင်းမှုများ စနစ်တကျဖြစ်စေရန်၊ တရားမဝင် ကုန်ပစ္စည်းများ တင်ပို့၊ တင်သွင်းမှု မရှိစေရေးအတွက် ကုန်ပစ္စည်းစစ်ဆေးမှုလုပ်ငန်းများကို စနစ်တကျ ဆောင်ရွက်ကြစေလိုကြောင်း၊ ဆွေးနွေးတင်ပြချက်များအား သက်ဆိုင်ရာဌာန အဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် အေးရှားဝေါလ်ဆိပ်ကမ်း(Container Freight Station-CFS)တွင် ပူးပေါင်းအဖွဲ့ဖြင့် ကုန်ပစ္စည်းစစ်ဆေးဆောင်ရွက်နေမှုများနှင့် အေးရှားဝေါလ်ဆိပ်ကမ်းရှိ X-Ray စက်ဖြင့် ကုန်သေတ္တာများ ဖြတ်သန်းစစ်ဆေး ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် အေးရှားဝေါလ်ဆိပ်ကမ်းနှင့် ထီးတန်းဆိပ်ကမ်းတို့ကိုလည်းကောင်း၊ မြန်မာ့စက်မှုဆိပ်ကမ်း၌ ဆိပ်ကမ်းလုပ်ငန်းဆောင်ရွက်နေမှုများ၊ ပူးပေါင်းအဖွဲ့ဖြင့် ကုန်ပစ္စည်းစစ်ဆေးဆောင်ရွက်နေမှုများ၊ X-Ray စက်ဖြင့် ကုန်သေတ္တာများ ဖြတ်သန်းစစ်ဆေး ဆောင်ရွက်နေမှုများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခြင်း၊ တင်ပြချက်များကို ပေါင်းစပ်ညှိနှိုင်း ဖြေရှင်းပေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## အင်တာမီလန်အသင်းအား ဂိုးပြတ်အနိုင်ယူပြီး ချန်ပီယံလိဂ် ချန်ပီယံဆုအား ပီအက်စ်ဂျီအသင်းဆွတ်ခူး

လန်ဒန် မေ ၃၁

၂၀၂၄-၂၀၂၅ ဘောလုံးရာသီ ချန်ပီယံလိဂ် ဗိုလ်လုပွဲစဉ်အဖြစ် ယနေ့ နံနက်ပိုင်းက ပီအက်စ်ဂျီအသင်းနှင့် အင်တာမီလန်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ပီအက်စ်ဂျီအသင်းက အင်တာမီလန်အသင်းအား ငါးဂိုး၊ ဂိုးမရှိဖြင့် ဂိုးပြတ်အနိုင်ယူပြီး ချန်ပီယံဆုအား ထိုက်ထိုက်တန်တန် ဆွတ်ခူးခဲ့သည်။

ပီအက်စ်ဂျီအသင်းအတွက် အဖိုးတန် သွင်းဂိုး ငါးဂိုးကို ပွဲချိန် ၁၂မိနစ်တွင် ဟာကီမီ၊ ပွဲချိန် မိနစ် ၂၀နှင့် ၆၃မိနစ်တွင် ဒူအီ၊ ပွဲချိန် ၇၃မိနစ်တွင် ခါဗာရက်ခ်ီလီယာ၊ ပွဲချိန် ၈၇မိနစ်တွင် မာယူလူတို့ အသီးသီးသွင်းယူခဲ့သည်။

ပီအက်စ်ဂျီအသင်းသည် အသင်းသမိုင်းတစ်လျှောက်တွင် ချန်ပီယံလိဂ် ချန်ပီယံဆုအား ပထမဆုံးအကြိမ် ဆွတ်ခူးနိုင်ခဲ့သလို၊ ယခုနှစ်ဘောလုံးရာသီတွင်လည်း ဖလားသုံးလုံး ဆွတ်ခူးနိုင်သည့် ချန်ပီယံအသင်းလည်းဖြစ်လာခဲ့သည်။

ပီအက်စ်ဂျီအသင်းပရိသတ်များကလည်း အသင်းချန်ပီယံဆု ဆွတ်ခူးပြီးနောက် တစ်ခဲနက် အောင်ပွဲခံခဲ့ကြသည်။ **(NGB)**

